# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၄)
အမှတ် (၁၂)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၂ ရက်၊ တနင်္ဂနွေနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စပိန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာများပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၁၄ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံဘုရင် ဆဋ္ဌမ မြောက် ဖီလစ်ပီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

*စာမျက်နှာ ၃ ကော်လံ ၅* ◆

# ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၀၁၄)**

**(၂၀၁၄ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၄၃။)**

**၁၃၇၆ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ရက်**

**(၂၀၁၄ခုနှစ်၊ အောက်တိုဘာလ ၁၀ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၄)ဟု ခေါ်တွင်စေရမည်။

၂။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ(ဈ)၏နောက်တွင် ပုဒ်မခွဲ(ည)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ည) ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ အစိုးရဌာနများ၊ အစိုးရအဖွဲ့အစည်းများနှင့် နေပြည်တော်ကောင်စီတို့တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ဆက်စပ်ဆောင်ရွက်သော ကြွေးမြီ၊ အပ်ငွေ၊ ယာယီစသည့် စာရင်းများဆိုင်ရာရငွေနှင့် ပေးငွေစာရင်းများကို စစ်ဆေးခြင်း၊ ယင်းရငွေပေးငွေများကို တာဝန်ရှိသူများက စနစ်တကျ ကြီးကြပ်မှု၊ ထိန်းချုပ်မှု၊ ကွပ်ကဲမှုရှိ မရှိ စစ်ဆေးခြင်း။"

၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပုဒ်မ ၂၆၊ ပုဒ်မခွဲ (ခ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ စာရင်းစစ်ရုံးအဆင့်ဆင့်၏ လုပ်ငန်းဆောင်ရွက်ချက်များအား လမ်းညွှန်ခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊ ပုံမှန်စစ်ဆေးခြင်းနှင့် အထူးစစ်ဆေးခြင်း။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးစေရေးအတွက် အာဆီယံထိပ်သီးအစည်းအဝေးကြီးများက များစွာအထောက်အပံ့ရရှိဟု ပြည်ထောင်စုဝန်ကြီးပြောကြား

ရန်ကုန် အောက်တိုဘာ ၁၁

မြန်မာနိုင်ငံသည် ယခုနှစ်အတွက် အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူကာ အာဆီယံထိပ်သီးအစည်းအဝေးကြီးများကိုလည်း လက်ခံကျင်းပလျက်ရှိရာ နိုင်ငံခြားသားဝင်ရောက်မှုသည် လျာထားချက်သုံးသန်းပြည့်မီရန် ၂၀ ရာခိုင်နှုန်းသာ လိုအပ်ပါတော့သည်။ ထို့အပြင် ခရီးသွားလုပ်ငန်း အမျိုးသားအဆင့် မဟာဗျူဟာကိုလည်း စတင်ကျင့်သုံးဆောင်ရွက်နေခြင်းကြောင့် မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းမှာ အလွန်အရှိန်အဟုန် မြင့်လာနေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောကြားသည်။ သို့ဖြစ်ရာ ပြည်ထောင်စုဝန်ကြီးနှင့် ခရီးသွားလုပ်ငန်းအကြောင်းကို တွေ့ဆုံမေးမြန်းခဲ့ပါသည်။



အညာကျေးလက်ဒေသ၌ ပျော်ရွှင်စွာလှည့်လည်လေ့လာနေသည့် ကမ္ဘာလှည့်ခရီးသွားတစ်ဦးကို တွေ့ရစဉ်။

**မြန်မာ့အလင်း ။ ။ မြန်မာ့ခရီးသွားလုပ်ငန်းရဲ့ လက်ရှိအခြေအနေနဲ့ အလားအလာကို ပြောပြပေးပါရှင့်။**

ပြည်ထောင်စုဝန်ကြီး ။ ။ ဝန်ကြီးဌာနနဲ့ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်လက်အောက်က အသင်းအဖွဲ့ ၁၁ဖွဲ့ အားလုံးက အင်တိုက်အားတိုက် ဆောင်ရွက်နေပါတယ်။ အာဆီယံဥက္ကဋ္ဌအဖြစ် တာဝန်ယူချိန်မှာ မြန်မာ့ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အပံ့တစ်ခုဖြစ်ပြီး ကျွန်တော်တို့နိုင်ငံကို ပိုမိုလူသိများလာတာပေါ့။ ရှေ့မှာလည်း အမျိုးသားအဆင့် မဟာဗျူဟာတွေကို နှစ်အလိုက် ၂၀၂၀ အထိ အကောင်အထည်ဖော်သွားမှာပါ။ ကျွန်တော်တို့နိုင်ငံက ကုန်းပိတ်နိုင်ငံ၊ မြို့ပြနိုင်ငံမဟုတ်ပါဘူး။ စတုရန်း

*စာမျက်နှာ ၈ ကော်လံ ၁* ●


**ယနေ့ » မာတိကာ**

**ကင်မရွန်းဒုတိယဝန်ကြီးချုပ်၏ ဇနီးအပါအဝင် ဓားစာခံ ၂၇ ဦးကို ဘိုကိုဟာရမ်တို့က ပြန်လွှတ်ပေးခဲ့** စာ » ၄

**ဖော်လမြိုင်ကျွန်း အဝေးပြေး ယာဉ်ရပ်နားစခန်း မကြာမီ ဖွင့်လှစ်တော့မည်** စာ » ၇

**ဆွာရက်ဇ် နိုင်ငံတကာပွဲ စတင်ကစားခွင့်ရပြီ** စာ » ၁၃


**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။




Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့်ကျန်းမာရေး

လူမှုဖူလုံရေးစီမံကိန်းသည် အာမခံထားရှိသော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်ရန်နှင့် အများပြည်သူအနေဖြင့်လည်း ဆန္ဒအလျောက် အာမခံထားခြင်းဖြင့် လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုရနိုင်ရန် မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့်အလုပ်တွင် ထိခိုက်မှုများအတွက် ငွေကြေးအကျိုးခံစားခွင့်ရရှိရေးတို့မှအစ နောင်တစ်ချိန်တွင် အိမ်ရာနေထိုင်ခွင့်ကဲ့သို့သော အကျိုးကျေးဇူးများ ခံစားနိုင်ရန်အတွက် ရှေးရှုအကောင်အထည်ဖော်လျက်ရှိသော စီမံကိန်းဖြစ်ပါသည်။

အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဥပဒေနှင့်အကျုံးဝင်သော အလုပ်ဌာနများရှိ အလုပ်သမားများအား မှတ်ပုံတင်ခြင်း၊ ထည့်ဝင်ကြေးများကောက်ခံခြင်း၊ ငွေလက်ငင်းအကျိုးခံစားခွင့်များပေးခြင်းနှင့် အာမခံအလုပ်သမားများအတွက် အခမဲ့ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၄ ခုနှစ် ဩဂုတ်လအထိ အကျုံးဝင်အာမခံအလုပ်ဌာနနှင့် အလုပ်သမားများ မှာ နိုင်ငံပိုင်အလုပ်ဌာနတွင် အာမခံအလုပ်သမား ၁၆၀၅၉၉ဦး၊ သမဝါယမပိုင်အလုပ်ဌာနတွင် ၄၆၈၇ ဦး၊ ပုဂ္ဂလိကပိုင် အလုပ်ဌာနတွင် ၅၇၂၂၅၆ ဦးနှင့် ဖက်စပ်အလုပ်ဌာနတွင် ၄၈၄၅ ဦး စုစုပေါင်းအကျုံးဝင်အာမခံအလုပ်ဌာန ၃၄၀၁၈ ခုတွင် အာမခံအလုပ်သမားဦးရေ ၇၄၂၃၈၇ ဦးရှိလာပြီဖြစ်ပါသည်။

အဆိုပါ အကျုံးဝင်အလုပ်ဌာနများရှိ အာမခံအလုပ်သမားများကို ၂၀၁၄ ခုနှစ် ဩဂုတ်လအတွင်း၌ မြန်မာကျပ်ငွေဖြင့် ထောက်ပံ့ပေးသည့် အကျိုးခံစားခွင့်များတွင် မကျန်းမာမှု ငွေကြေးအကျိုးခံစားခွင့်အတွက် ငွေကျပ် ၃၀ ဒသမ ၅၈ သန်း၊ မီးဖွားမှုအကျိုးခံစားခွင့်အတွက် ငွေကျပ် ၂၂ ဒသမ ၁၂ သန်း၊ သေဆုံးမှုအတွက် နာရေးစရိတ်ငွေကျပ် ၁၅ ဒသမ ၅၅ သန်း၊ ယာယီမသန်စွမ်းမှုအကျိုးခံစားခွင့်အတွက် ငွေကျပ် ၅ ဒသမ ၆၀ သန်း၊ အမြဲတမ်းမသန်စွမ်းမှုအတွက် ငွေကျပ် ၂ ဒသမ ၃၆ သန်းနှင့် ကျန်ရစ်သူပင်စင်အကျိုးခံစားခွင့်အတွက် ငွေကျပ် ၁၃ ဒသမ ၆၇ သန်းထုတ်ပေးနိုင်ခဲ့သဖြင့် စုစုပေါင်း အကျိုးခံစားခွင့် ငွေကျပ် ၈၉ ဒသမ ၈၈ သန်းကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါသည်။

အလုပ်သမားဆေးရုံကြီး သုံးရုံမှ အထူးကုဆရာဝန်ကြီးများသည် ခြောက်ကြိမ်ကွင်းဆင်းကုသပေးပြီး စုစုပေါင်း လူနာဦးရေ ၆၆၈ ဦးအား ဆေးကုသပေးနိုင်ခဲ့သည်။ အလားတူပင် ဆေးခန်းများမှ ဆရာဝန်များ၊ သူနာပြုများက စက်ရုံအလုပ်ရုံ၊ အလုပ်ဌာနများသို့ ကွင်းဆင်းပညာပေးဟောပြောခြင်းနှင့် ဆေးကုသမှုတွင် ဟောပြောသည့် အကြိမ် ၂၆၆ ကြိမ်တွင် တက်ရောက်သူဦးရေ ၆၉၆၆ ဦးရှိ၍ ၅၀၂၈ ဦးကို ဆေးကုသပေးနိုင်ခဲ့သည်။

ထို့အပြင် နယ်လှည့်ဆေးကုသယာဉ် (Mobile Medical Unit) နှစ်စီးဖြင့် ကွင်းဆင်းဆေးကုသခြင်း၊ ရောဂါရှာဖွေစမ်းသပ်စစ်ဆေးခြင်းများတွင် နယ်လှည့်ဆေးကုသယာဉ် အမှတ်(၁) ဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် ကွင်းဆင်းကုသမှု၌ လူနာ ဦးရေ ၁၀၇၅ ဦး၊ နယ်လှည့်ဆေးကုသယာဉ်အမှတ်(၂) ဖြင့် မန္တလေးတိုင်းဒေသကြီးသို့ ကွင်းဆင်းကုသမှု၌ လူနာဦးရေ ၃၃၀၆ ဦး စုစုပေါင်းလူနာဦးရေ ၄၃၈၁ ဦးအတွက် ဓာတ်ခွဲစမ်းသပ်လူနာ ၂၆၂၀၊ ဓာတ်မှန်ရိုက်လူနာ ၄၄ ဦးနှင့် ECG ရိုက်လူနာ ၈၂၄ ဦးတို့ကို ကွင်းဆင်းကုသပေးခဲ့သည်။

သို့ဖြစ်ပါ၍ လူမှုဖူလုံရေးအဖွဲ့သည် တစ်မျိုးသားလုံး အကျုံးဝင်သည့် လူမှုဖူလုံရေးစီမံကိန်းကို အများပြည်သူများ ယုံကြည်အားထားမှုရှိစေရန်အတွက် အာမခံအလုပ်သမားများအပေါ် ကျန်းမာရေးစောင့်ရှောက်မှုကို လက်ရှိအခြေအနေထက် ပိုမိုတိုးမြှင့် ဆောင်ရွက်နိုင်ရန်အတွက် အလုပ်သမား၊အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအောက်ရှိ လူမှုဖူလုံရေးဌာနအနေဖြင့် အဘက်ဘက်မှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ ။

ပြည်တွင်းသတင်း

# မြန်မာ- စင်ကာပူဥပဒေရေးရာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စင်ကာပူသမ္မတနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာနတို့၏ "မြန်မာ- စင်ကာပူ ဥပဒေရေးရာ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ" လက်မှတ်ရေးထိုးပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက် ၈ နာရီခွဲက နေပြည်တော် ဟိုတယ်ဇုန်ရှိ the Hotel Royal ACE ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က နှစ်နိုင်ငံစီးပွားရေး ဥပဒေများတူညီကြသောကြောင့် ၁၉၉၄ ခုနှစ်ကပင် စင်ကာပူနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် အဆက်အသွယ်များရှိခဲ့ပြီး ဥပဒေရေးရာကိစ္စရပ်များ၌ အတူလက်တွဲ ပူးပေါင်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခု MoU လက်မှတ်ရေးထိုးခြင်းသည် နှစ်နိုင်ငံအကြား ဥပဒေရေးရာ၌ သမိုင်းမှတ်တိုင်သစ်တစ်ရပ်ပင် ဖြစ်ပါကြောင်းပြောကြားခဲ့ပြီး စင်ကာပူ ဥပဒေရေးရာ ဒုတိယဝန်ကြီး Ms. Indranee Rajah က နှစ်နိုင်ငံ၏ ဥပဒေစနစ်များ တူညီကြသဖြင့်ယခင်နှစ်ပေါင်းများစွာကပင် မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်အတွေ့အကြုံဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းများ ရှိခဲ့ပါကြောင်း၊ ယခုလက်မှတ်ရေးထိုးသည့် MoU အရ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးတွင် ဥပဒေပညာမဟာဘွဲ့အတွက် စင်ကာပူ အမျိုးသားတက္ကသိုလ်နှင့် စင်ကာပူစီမံခန့်ခွဲရေး တက္ကသိုလ်တို့၌ ပညာတော်သင်ဆု တက်ရောက်နိုင်ရေး၊ နှစ်တိုသင်တန်းများပေးရေး၊ ဥပဒေ သုတေသနပြုရေး၊ လုပ်ငန်းခွင်သင်တန်းများပြုလုပ်ရေး၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပရေး အကူအညီများပေးရန်ရှိပါကြောင်း၊ နှစ်နိုင်ငံအတွက် ဒေသတွင်း တရားဥပဒေစိုးမိုးရေးကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဥပဒေတို့တွင် အကောင်အထည်ဖော်ခြင်း ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် MoU ကို ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဆန်းနှင့် စင်ကာပူ ဥပဒေရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Ms. Thian Yee Sze တို့က လက်မှတ်ရေးထိုးကြပြီး အခမ်းအနားအပြီးတွင် လုပ်ငန်းအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့သည်။

**(သတင်းစဉ်)**



သီတင်းကျွတ် လပြည့်ကျော် ၁ ရက် ညက ပြည် မြို့ရှိ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ်၌ ဆီမီး ၉၉၀၀ ထွန်းညှိပူဇော်ပွဲကျင်းပရာ ဘုရားဖူးများဖြင့် အထူးစည်ကားနေသည်ကို တွေ့မြင်ရစဉ်။

မင်းလွင်(ပြည်)




## ဖျာပုံအမှတ်(၁၄)ရပ်ကွက်၌ ကွန်ကရစ်လမ်းဖွင့်

**ဖျာပုံ အောက်တိုဘာ ၁၁**

ဖျာပုံမြို့ အမှတ်(၁၄)ရပ်ကွက်ရှိ ဇီဇဝါလမ်းအား ကွန်ကရစ်လမ်းအဖြစ် ခင်းကျင်းပြီးစီးသဖြင့် လမ်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက်က အဆိုပါလမ်း၌ ကျင်းပသည်။

ပေပေါင်း ၈၀၀ ကျော်ရှည်သည့် အဆိုပါလမ်းအပါအဝင် စာသင်ကျောင်းရှေ့ ဖြတ်လမ်းနှင့်ဗိုလ်ချုပ်ဖြတ်လမ်းတို့အား ကွန်ကရစ်ခင်းကျင်းသည့် ကုန်ကျစရိတ် သိန်း ၂၀၀ ကို ဖျာပုံမြို့နေ ဦးတင်လှိုင်၊ဒေါ်မြင့်မြင့်လှိုင်(ရွှေပြည်အေးဆန်စက်)မိသားစုက ကုန်ကျခံ လှူဒါန်းခဲ့ခြင်းဖြစ်ပြီး လမ်းကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုးနိုင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်၊ မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ ဦးမြင့်မောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးသံချောင်းနှင့် အလှူ့ရှင်မိသားစုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလမ်းတည်ရှိသော ဖျာပုံမြို့(၁၄)ရပ်ကွက်၌ လမ်းပေါင်း ၁၀ လမ်းရှိသည့်အနက် အလှူ့ရှင်မိသားစုက အလင်းရောင်လမ်းကိုလည်းကောင်း၊ FARMER PHOEYAR-ZAR ကုမ္ပဏီက အောင်သပြေလမ်းကိုလည်းကောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးအောင်ခိုင်ဝင်း မိသားစုနှင့် လမ်းသူလမ်းသားများကဓမ္မသုခလမ်းကိုလည်းကောင်း၊ စည်ပင်သာယာနှင့် ပြည်သူလူထုပူးပေါင်း၍ နှင်းဆီလမ်းနှင့်စံပယ်လမ်းကို လည်းကောင်းတာဝန်ယူခင်းကျင်းကြမည်ဖြစ်ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

ရွှေညီရာစုသစ် စိန်ရွှေရတနာဆိုင်၏ "သီတင်းကျွတ်အထူးအစီအစဉ်"
၁-၁၀-၂၀၁၄ မှ ၃၁-၁၀-၂၀၁၄ အထိ
• လက်ငင်း ရွှေဆွဲပြား ဒီဇိုင်းစုံနှင့် ဗုဒ္ဓဂါယာ (၁၄) ရက်ခရီး ဘုရားဖူး၊ ပုဂံပြည်တွင်း ဘုရားဖူးခရီးစဉ်များ များစွာကို ကံစမ်းမဲဖွင့်လှစ်ပေးနေပါသည်၊
• ဒီဇိုင်းဆန်းသစ်ပြီး အရည်အသွေးကောင်းမွန်သော လက်ဝတ်ရတနာများ ဝယ်ယူရင်း မြတ်သောကံစမ်းခွင့် များရယူနိုင်ရန် အထူးဖိတ်ခေါ်ပါသည်၊
• အလျော့တွက် လုံးဝမပါသော ဒုံးထည် များအား ဆက်လက်ရောင်းချပေးနေပါသည်၊
ရွှေညီရာစုသစ် မိသားစု

# မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ရှင်းလင်း




**နေပြည်တော် အောက်တိုဘာ ၁၁**

နိုင်ငံတော်က လက်ရှိဆောင်ရွက်လျက်ရှိသော အခြေအနေများအား ရှင်းလင်းခြင်းအခမ်းအနားကို ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ယနေ့နံနက် ၉ နာရီခွဲက ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ မြို့နယ် ၂၆ မြို့နယ်မှ ဒေသဖွံ့ဖြိုးရေးကော်မတီများ၊ စည်ပင်သာယာရေးကော်မတီဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ပြည်ထောင်စုဝန်ကြီးများက ရှင်းလင်းပြောကြားကြသည်။

ဆက်လက်၍ မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌများနှင့် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌများက သက်ဆိုင်ရာမြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများတွင် လိုအပ်လျက်ရှိသည်များကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ပြန်လည်ဖြေရှင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်တွင်းသတင်း

◆ *ရှေ့ဖုံးမှ*

အလားတူ ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံ အစိုးရအဖွဲ့အကြီးအကဲ မစ္စတာ မာရီရာနို ရာဂျိုင်း ဘရေးထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် စပိန်နိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာ ဟိုဆေး မန်နူရယ် ဂါစီရာ-မာဂါလို ဝိုင် မာဖေးလ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အာဟာရဖူလုံရေးနှင့် မိသားစုအပိုဝင်ငွေရရေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူ

**နေပြည်တော် အောက်တိုဘာ ၁၁**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်သည် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအုန်းကြွယ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၁၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဘုရားငုတ္တိုကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဘုရားငုတ္တို(တောင်)၊ ဘုရားငုတ္တို(မြောက်)၊ ထော်သို၊ တလုတ္တော်၊ ကျိုက်သလဲ၊ ပေါက်တော၊ ကုလားတန်းသုံးအိမ်နှင့် ကုလားကန်ကျေးရွာအုပ်စုများမှ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်သူဗဟိုပြုကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူများပါ ကိုယ်ထူကိုယ်ထပူးပေါင်းပါဝင် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားပြီး ကျေးရွာ(၈)အုပ်စုမှ ကျေးရွာ(၁၉) ရွာ၏ လိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး အထောက်အကူပြုပစ္စည်း လိုအပ်ချက်များ၊ ကျေးရွာချင်းဆက် လမ်း/တံတားများ ဖောက်လုပ်နိုင်ရေး ကွင်းဆင်းတိုင်းတာဆောင်ရွက်သွားရန်၊ ထော်သို၊ လသာ၊ တလုတ္တော်၊ အိုမစမ်းနှင့် ပိတ်နွယ်ကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် မီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပိန်းနဲကုန်းကျေးရွာ ဒက္ခိဏရန်သီဘုန်းတော်ကြီးကျောင်း၌ ကော့မှူးမြို့နယ် ကျေးရွာအုပ်စုများအတွင်းရှိ ကျေးရွာ ၁၈ ရွာမှ ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ကျေးရွာပြည်သူလူထုများနှင့်တွေ့ဆုံစဉ် စားနပ်ရိက္ခာဖူလုံပြည့်ဝစေရန်၊ သန့်ရှင်းလတ်ဆတ်သောအာဟာရများ ဖူလုံစွာစားသုံးနိုင်ရေးနှင့် မိသားစုအပိုဝင်ငွေရရှိရေးအတွက် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မျိုးရိုးမြင့်တိရစ္ဆာန်များ၊ နည်းပညာများကို ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ကျေးရွာပြည်သူများအနေဖြင့် မိမိရပ်ရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူထုအခြေပြုစီမံကိန်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ၊ အရင်းမပျောက် လည်ပတ်မတည်ငွေများ ထူထောင်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထိန်နှင့် ဦးဝင်းထွန်းနိုင်တို့က ကျေးလက်ဒေသများတွင် အဓိကလိုအပ်ချက်များမှာ ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နိုင်ရေးနှင့် မီးရရှိရေးပင်ဖြစ်ကြောင်း တင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျေးရွာများ၏လိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးလင်းရေးအတွက် မီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်သွားနိုင်ရေး၊ ဆိုလာယူနစ်များဖြင့် အိမ်တိုင်းစေ့မီးရရှိရေး၊ မြောက်ချောင်း-မြို့သစ်ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်နိုင်ရေး၊ ခရိုက္ခမီ-ဒလ-လက်ခုပ်ကုန်း၊ ထန်းမနိုင်-ကိုးထောင်-မျက်ဆံနီကျေးရွာချင်းဆက် လမ်းများ ဖောက်လုပ်နိုင်ရေး၊ အဖျောက်-ရွာတန်းရှည်ကျေးရွာချင်းဆက်လမ်း အပြီးသတ်ဆောင်ရွက်နိုင်ရေးနှင့် ကျေးရွာအုပ်စုများအတွင်း ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်နိုင်ရေး၊ ကော့မှူးမြို့နယ်အတွင်း မွေးမြူရေးဇုန် ဖော်ထုတ်သွားနိုင်ရေးဖြည့်ဆည်းဆောင်ရွက်ပေးပြီး သက်ကြီးဘိုးဘွားများအား အဝတ်အထည်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ကွမ်းခြံကုန်းမြို့နယ် တောကျောင်းကျေးရွာနှင့် ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် တည့်ကုန်းကျေးရွာများသို့ သွားရောက်ပြီး ကျေးရွာအထောက်အကူပြုကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကွမ်းခြံကုန်း ဒေးဒရဲမြို့နယ်များရှိ ကျေးရွာများသည် သဘာဝဘေးအန္တရာယ်၊ နာဂစ်မုန်တိုင်းဒဏ် ထိခိုက်ခံရပြီး ခြောက်နှစ်ကျော်ကြာခဲ့ပြီဖြစ်ရာ ၄င်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ပြည်သူဗဟိုပြုစီမံကိန်းများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကျေးရွာများ စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လူငယ်များဖွဲ့စည်းပေးပြီး စက်ချုပ်သင်တန်းများ၊ ကျေးရွာဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် လည်းကောင်း၊ ထိုမှတစ်ဆင့် မိမိရပ်ရွာဖွံ့ဖြိုးရေးလိုအပ်ချက် လုပ်ငန်းများတွင် ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကွမ်းခြံကုန်းမြို့နယ် တောကျောင်း၊ ကျောင်းစု၊ ကြခတ်၊ ကော့ခနိမ်၊ ကမာကလွန်းနှင့် ကျောင်းကုန်းကျေးရွာများ၏ လိုအပ်ချက်များဖြစ်သည့် ပညာရေး၊ ကျန်းမာရေး အထောက်အကူပြု ပစ္စည်းလိုအပ်ချက်များ၊ ကမာကရွက်ကျေးရွာအတွက် လျှပ်စစ်မီးရရှိရေး၊ ကွမ်းခြံကုန်း-မန်းကလိတ် ကျေးရွာချင်းဆက်လမ်းမှတစ်ဆင့် မန်းကလိတ်-ထီမာကျေးရွာချင်းဆက်လမ်း ဆက်လက်ဖောက်လုပ်နိုင်ရေး၊ ကြခတ်-အင်ကွတ် ကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်နိုင်ရေးနှင့် ကျောင်းကုန်း-ကမာကလွန်းကွန်ကရစ်လမ်းအပြီးသတ်ဆောင်ရွက်နိုင်ရေး၊ ဒေးဒရဲမြို့နယ်၊ တည့်ကုန်း၊ သဲကုန်း၊ လေးအိမ်ကုန်းနှင့် ကုန်းတန်းလေးကျေးရွာများအတွက် လျှပ်စစ်မီးရရှိရေး၊ ပညာရေး၊ ကျန်းမာရေးအထောက်အကူပြုပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သက်ကြီးဘိုးဘွားများအား အဝတ်အထည်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဥရောပသမဂ္ဂအကူအညီဖြင့် ရဲလုပ်ငန်းစနစ် ကမ္ဘာ့အဆင့်မီ လေ့ကျင့်ဆောင်ရွက်နေ

**ရန်ကုန် အောက်တိုဘာ ၁၁**

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၏ ဆောင်ရွက်နေမှုအခြေအနေများနှင့်စပ်လျဉ်းပြီး ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့အစည်းအဝေးခန်းမတွင် သတင်းမီဒီယာများအား တွေ့ဆုံရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဆောင်ရွက်နေသည့် ပြည်တွင်းလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် လူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ပြည်သူများသိရှိစေရန် ယင်းသတင်းမီဒီယာ တွေ့ဆုံရှင်းလင်းပွဲကိုပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် ဒုတိယရဲမှူးကြီး မြင့်ထွေး(ရန်ကုန်အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး)က ၂၀၁၂၊ ၂၀၁၃၊ ၂၀၁၄ သုံးနှစ်တာကာလအတွင်း မှုခင်းဖြစ်ပွားမှုနှင့် တရားစွဲတင်မှုအခြေအနေ၊ မှုခင်းကျဆင်းရေးဆောင်ရွက်နေမှုများ၊ မှုခင်းဖော်ထုတ်မှုများ၊ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု၊ ရပ်ရွာအေးချမ်းသာယာရေးဆောင်ရွက်နေမှုနှင့် ပြည်သူဗဟိုပြုရဲလုပ်ငန်းစဉ်ဆောင်ရွက်မှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဒုတိယရဲမှူးကြီး မြင့်ထွေးက ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် ဥရောပသမဂ္ဂ (EU) အကူအညီဖြင့် ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်ကို ကမ္ဘာ့အဆင့်မီ လေ့ကျင့်မှုများဖြင့် ဆောင်ရွက်နေကြောင်း၊ ပြည်သူဗဟိုပြုရဲလုပ်ငန်းစနစ်ကြောင့် ပြည်သူများ ရဲတပ်ဖွဲ့အပေါ် ယုံကြည်အားကိုးလာပြီး ရဲတပ်ဖွဲ့ဝင်များကလည်း ပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ပြည်သူများ ရဲတပ်ဖွဲ့ကို ယုံကြည်မှုသာ သတင်းပေးမည်ဖြစ်ပြီး ရဲတပ်ဖွဲ့အနေဖြင့်လည်း နစ်နာသည့်ပြည်သူများအတွက် အမြန်ဆုံး အကူအညီပေးနိုင်မည်ဖြစ်ကာ ရဲလုပ်ငန်းစနစ်ပီပြင်မှု အပြည့်အဝရရှိလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့်လည်း ရဲတပ်ဖွဲ့ဝင်များ၏ လစာ၊ ရိက္ခာ၊ ဝတ်စုံကြေး၊ အမှုစစ်ဆေးရာတွင် ကုန်ကျစရိတ်၊ ကျန်းမာရေးကုန်ကျစရိတ်နှင့် ရပ်ကွက်တွင်းလုံခြုံရေး လှည့်ကင်းအတွက် လိုအပ်သည်များကို ယခင်ကထက် ပိုမိုထောက်ပံ့လျက်ရှိသဖြင့် လာဘ်ပေးလာဘ်ယူမှု ကိစ္စရပ်များရှိပါက တပ်ဖွဲ့စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ဖော်ထုတ်အရေးယူလျက်ရှိသဖြင့် ပြည်သူအားထားရမည့် ရဲတပ်ဖွဲ့ဖြစ်လာမည့် လမ်းကြောင်းပေါ်ရောက်ရှိနေပြီဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ အမှုကြီး ၁၀ မျိုးတွင် အမှုပေါင်း ၁၂၀၀ ဖြစ်ပွားခဲ့ပြီး အများဆုံးဖြစ်ပွားခဲ့သော အမှုမှာ လူသတ်မှုများဖြစ်ကြောင်း ယင်းမီဒီယာတွေ့ဆုံပွဲမှ သိရသည်။ **(သတင်းစဉ်)**

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၁**

မဟာသရေစည်သူ ဗိုလ်ချုပ်ကြီး စိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွဲ့[စာရေးဆရာမ- မလေး(မုံရွာ)]နှင့် သားသမီး၊ မြေးများက မြန်မာနိုင်ငံစာရေးဆရာအသင်းမှ နှစ်စဉ်ကျင်းပလျက်ရှိသော သက်ကြီးစာပေပညာရှင်များပူဇော်ကန်တော့ပွဲအတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ အလှူရှင်များကိုယ်စား မြန်မာနိုင်ငံစာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ(၂) (ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ) ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)က အသင်းဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်) ထံသို့ အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



နိုင်ငံတကာသတင်း

# အီရတ်နိုင်ငံ၏ အန်ဘာပြည်နယ်မှ အိုင်အက်စ်စစ်သွေးကြွများကို ဆန့်ကျင်တိုက်ခိုက်ရန် အကူအညီတောင်းခံ



**အန်ဘာ အောက်တိုဘာ ၁၁**

အန်ဘာပြည်နယ် အနောက်ဘက်ကို အိုင်အက်စ်စစ်သွေးကြွများ မကြာမီတိုက်ခိုက်တော့မည့် အခြေအနေရှိသဖြင့် အီရတ်အရာရှိများသည် အရေးပေါ်စစ်ရေးအကူအညီကို တောင်းခံခဲ့ရသည်။ ဂျိဟတ်အုပ်စုသည် ပြည်နယ်မြို့တော်ဖြစ်သော ရမ်မဒီကို တိုက်ခိုက်နေသည်။ ထို့ပြင် ၎င်းဒေသရှိ တပ်မတော်အခြေစိုက်စခန်းများကိုလည်း သိမ်းပိုက်ခဲ့သည်။

အန်ဘာမြို့အခြေအနေမှာ အထိမခံသည့်အနေအထားဖြစ်နေသည်ဟု အမေရိကန်အရာရှိတစ်ဦးက အေအက်ဖ်ပီသို့ ပြောကြားခဲ့သည်။ အိုင်အက်စ်တိုက်ခိုက်ရေးသမားများသည် ဆီးရီးယားနှင့်အီရတ်ရှိ နေရာတော်တော်များများကို ထိန်းချုပ်ခဲ့သည်။ ဆီးရီးယားနယ်စပ်မြို့ဖြစ်သည့် ကိုဘိန်းကိုလည်း သိမ်းပိုက်ရန် အိုင်အက်စ်တိုက်ခိုက်ရေးသမားများက ကြိုးစားနေကြသည်။

အန်ဘာသည် မဟာဗျူဟာမြောက်အရေးကြီးသော ပြည်နယ်တစ်ခုဖြစ်ကာ အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး ဟာဒီတာဆည်လည်းတည်ရှိသည်။ အီရတ်မြို့တော်ဖြစ်သော ဘဂ္ဂဒက်ကို စတင်တိုက်ခိုက်ရန် ထောက်ပံ့ရေး လမ်းကြောင်းတစ်ခုအဖြစ် အသုံးပြုရန် အန်ဘာကို အိုင်အက်စ်စစ်သွေးကြွများက မျက်စိကျနေကြသည်။

အမေရိကန်တပ်ဖွဲ့များက အိုင်အက်စ်စစ်သွေးကြွများကို တိုက်ထုတ်ရန်အတွက် အန်ဘာပြည်နယ်ကောင်စီက အီရတ်အစိုးရကို အကူအညီတောင်းခံထားသည်။

ဟာဒီတာဆည်ကို သိမ်းပိုက်ခြင်းမှ ကာကွယ်ရန် အမေရိကန်တပ်ဖွဲ့များသည် အိုင်အက်စ်စစ်သွေးကြွများကို လေကြောင်းတိုက်ခိုက်မှုအတော်များများနှင့် တိုက်ခိုက်နေသော်လည်း အိုင်အက်စ်စစ်သွေးကြွများသည် ၎င်းပြည်နယ်ကို ဆက်လက်တိုက်ခိုက်နေဆဲပင် ဖြစ်သည်။

ကောင်စီ၏ဒုတိယဥက္ကဋ္ဌ ဖယ်လ်အယ်လ်အစ္စဝီက အန်ဘာသည် ဆယ်ရက်အတွင်း အိုင်အက်စ်စစ်သွေးကြွများ လက်ထဲသို့သက်ဆင်းမည်ဟု သတိပေးထားကြောင်း တိုင်းမ်သတင်းစာက ဖော်ပြထားသည်။

ဆီးရီးယား-တူရကီနယ်စပ်ပေါ်ရှိ ကော့ဒ်မြို့ဖြစ်သည့် ကိုဘိန်းကို တိုက်ခိုက်ခြင်းသည် အိုင်အက်စ်တို့က အန်ဘာကို ရှေ့တိုးတိုက်ခိုက်နေခြင်းအပေါ် နိုင်ငံတကာ အာရုံစူးစိုက်မှုကို ဘက်ပြောင်းလိုက်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**(ဘီဘီစီ)**

# အီဘိုလာရောဂါကြောင့် သေဆုံးသူဦးရေ ၄၀၀၀ ကျော်ရှိ



**ဂျီနီဗာ အောက်တိုဘာ ၁၁**

အီဘိုလာရောဂါကြောင့် သေဆုံးသူအရေအတွက်သည် ၄၀၀၀ အထက်ရှိသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

နောက်ဆုံးထွက်ပေါ်လာသော စာရင်းများအရ ရောဂါအဆိုးရွားဆုံးဖြစ်ပွားနေသော အနောက်အာဖရိကနိုင်ငံများဖြစ်သည့် ဂီနီ၊ ဆီရာလီယွန်းနှင့် လိုက်ဘေးရီးယားနိုင်ငံတို့တွင် သေဆုံးသူ ၄၀၂၄ ဦး အတည်ပြုနိုင်ခဲ့ပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

အဆိုပါရောဂါနှင့်ဆက်စပ်၍ နိုင်ဂျီးရီးယားတွင်ရှစ်ဦး၊ အမေရိကန်၌ တစ်ဦးသေဆုံးခဲ့သည်။

ယင်းရောဂါ ကူးစက်ခံရသူပေါင်းမှာ ၈၃၉၉ ဦးရှိကြောင်း၊ အများစုမှာ အနောက်အာဖရိက၌ ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

လိုက်ဘေးရီးယား လွှတ်တော်အမတ်များက အီဘိုလာအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရေး သမ္မတ၏လုပ်ပိုင်ခွင့်အာဏာကို ပို၍ပေးရန် ငြင်းဆန်နေချိန် ရောဂါအသစ်ဖြစ်ပွားသူများတိုးလာသည်ဟု ဆိုသည်။

သမ္မတ အယ်လ်လင်ဂျွန်ဆင်ဆာလိဖ်က ၎င်းအား အီဘိုလာအကျပ်အတည်းကိုင်တွယ်ဖြေရှင်းခွင့်ရရှိရန် နိုင်ငံအရေးပေါ် အခြေအနေတစ်ရပ်ကို ကြေညာခဲ့သည်။ သမ္မတကို လုပ်ပိုင်ခွင့်များ ပို၍ပေးလိုက်ခြင်းဖြစ်သည်။

အဆိုပါရောဂါကြောင့် အနောက်အာဖရိကတွင် ကျန်းမာရေးလုပ်သား ၂၃၃ ဦး ထက်မနည်း သေဆုံးခဲ့ပြီဖြစ်ကြောင်း၊ ကမ္ဘာ့သေပျောက်မှုအများဆုံးရောဂါဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

**(ဘီဘီစီ)**

# တူရကီ၌ အိုင်အက်စ်ဆန့်ကျင်ရေး ဆန္ဒပြမှုများကြောင့် လူ ၃၁ ဦးသေဆုံး

**အင်ကာရာ အောက်တိုဘာ ၁၁**

တူရကီနိုင်ငံ၌ ဖြစ်ပွားသည့် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ ဆန့်ကျင်ရေး ဆန္ဒပြမှုများအတွင်း လူ ၃၁ ဦးသေဆုံးပြီး အခြား ၃၅၁ ဦး ထိခိုက်ဒဏ်ရာရရှိသည်ဟု တူရကီပြည်ထဲရေးဝန်ကြီး အက်ဖ်ကမ်အလာက ပြောကြားသည်။

ထောင်ပေါင်းများစွာသော ကော့ဒ်လူမျိုးများသည် ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ ၎င်းလူမျိုးများနေထိုင်ရာ ကိုဘာနီမြို့အတွင်းသို့ အိုင်အက်စ်စစ်သွေးကြွများ ထိုးဖောက်ဝင်ရောက်မှုကို ဟန့်တားပေးရေးတောင်းဆိုသည့်အနေဖြင့် တနင်္လာနေ့မှစ၍လမ်းမပေါ်ထွက် ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြမှုများကြောင့် ပြည်သူများထိခိုက်ခဲ့ရပြီး ဆန္ဒပြသမား ၁၀၂၄ ဦးကို ထိန်းသိမ်းထားကြောင်းနှင့် ပြိုင်ဘက်အုပ်စုများအကြား ခိုက်ရန်ဖြစ်ပွားမှုများကြောင့် လူအသေအပျောက်ဖြစ်ပွားခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးကပြောကြားသည်။

ကြာသပတေးနေ့က ဆန္ဒပြမှုများအတွင်း ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးသည့် အရာရှိများကို သေနတ်သမားများက တိုက်ခိုက်သဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသည်ဟု ပြည်ထဲရေးဝန်ကြီးက ပြောကြားပြီး အကြမ်းဖက်ဆန္ဒပြမှုများကို ရပ်တန့်ပါရန် ပန်ကြားလိုက်သည်။

အိုင်အက်စ်စစ်သွေးကြွများသည် ကိုဘာနီမြို့ပတ်ဝန်းကျင်ရှိ ကော့ဒ်လူမျိုးများနေထိုင်ရာ ကျေးရွာရာပေါင်းများစွာကို သိမ်းပိုက်ခဲ့ကြသဖြင့် လူထောင်ပေါင်းများစွာမှာ အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ကြသည်ဟု သိရသည်။

**(ဆင်ဟွာ)**

# ဘရာဇီးမိုးခေါင်ရေရှား ပြဿနာ ဆော်ပေါလိုတွင် အကျပ်ရိုက်

**ဆော်ပေါလို အောက်တိုဘာ ၁၁**

ဆော်ပေါလိုမြို့ကို ရေလုံလောက်စွာဖြန့်ဖို့ အဓိကရေသိုလှောင်ကန်မှ ရေများကိုထုတ်ရန်အတွက် အရေးပေါ်ရှင်းလင်းမှုများပြုလုပ်ထားရန် ဘရာဇီးနိုင်ငံ ဆော်ပေါလိုမြို့တော်ဝန်က ပြောထားသည်။ မကြုံစဖူးကိုးလကျော်ကြာ မိုးခေါင်ရေရှားမှုကြုံတွေ့ပြီးနောက် ရေ ၉၅ ရာခိုင်နှုန်းမှာ ဆုံးရှုံးခဲ့သည်။ ဤသို့ရေအခက်အခဲပြဿနာများကို ဖြေရှင်းရန်အတွက် ရေများကို အချိုးကျခွဲဝေမှုမပြုခြင်းကို လွန်ခဲ့သောသီတင်းပတ် ရွေးကောက်ပွဲတွင် ပြန်လည်အရွေးခံရသော ဂီရယ်လ်ဒိုအလက်မင်က ပြစ်တင်ဝေဖန်လိုက်သည်။

အခြားဘရာဇီး၏ မြို့ ၂၉ မြို့တွင်လည်း အလားတူမိုးခေါင်ရေရှားပြဿနာများကို ကြုံတွေ့ခံစားခဲ့ရသည်။ ဆော်ပေါလို၏ အဓိကရေသိုလှောင်ကန်တွင် မြေကြီးများအက်ကွဲနေပြီး ဒါဇင်ပေါင်းများစွာသော ကားအပျက်များ၊ အမှိုက်များ နှစ်အတော်ကြာစုပုံနေသောကြောင့် ရေသိုလှောင်မှုကျဆင်းခဲ့ခြင်းဖြစ်သည်။ ဘရာဇီး၏ စီးပွားရေးမြို့တော်ဖြစ်သည့် ဆော်ပေါလိုသည် မြစ်ရေတင်စီမံကိန်းဖြင့် ရေများကိုတင်ရန် ကြိုးစားမှုပြုနေစဉ်ကတည်းက ရီယိုဒီဂျနေးရိုးနှင့် မိနက်စ်ဂီရေ့စ်သည် ရေအရင်းအမြစ်ရှားပါးခြင်းပြဿနာနှင့်ရင်ဆိုင်နေကြရသည်။ ဤမြစ်ရေတင်စီမံကိန်းမှရေများကို အဆိုပါမြို့နှစ်မြို့သို့ ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

**(ဘီဘီစီ)**

# အမေရိက ကလေးငယ်များ ဗိုင်းရပ်စ်အသစ်ကူးစက်ခံရ

**နယူးယောက် အောက်တိုဘာ ၁၁**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အီဘိုလာဗိုင်းရပ်စ်သည် နိုင်ငံ၏လုံခြုံရေးကို ခြိမ်းခြောက်လာနေပြီဟု ပြောနေချိန်၌ အမေရိကန်နိုင်ငံတစ်ဝန်းရှိကလေးများသည် ဗိုင်းရပ်စ်အသစ်တစ်မျိုး ကူးစက်မှုခံနေရကြောင်း ပရက်စ်တီဗွီသတင်းတွင် ဖော်ပြခဲ့သည်။

Enterovirus D 68 အမည်ရှိ အဆိုပါဗိုင်းရပ်စ်ကူးစက်မှုကြောင့် အမေရိကန် ကလေးငယ်ရာပေါင်းများစွာကို ဆေးရုံသို့ပို့ဆောင်ထားပြီး လေးဦးထက်မနည်း သေဆုံးခဲ့ပြီဖြစ်ကြောင်း နယူးယောက်ရောက် ပရက်စ်တီဗွီသတင်းထောက်က ပြောခဲ့သည်။ ပြီးခဲ့သည့် ဩဂုတ်လကတည်းက အမေရိကအနောက်အလယ်ပိုင်း ၄၃ မြို့နယ်၌ ယင်းဗိုင်းရပ်စ်ကူးစက်ခံရသူ ၅၉၄ ဦး ရှိခဲ့သည်ဟု ဆိုသည်။

**(ပရက်စ်တီဗွီ)**

# ကင်မရွန်းဒုတိယဝန်ကြီးချုပ်၏ဇနီးအပါအဝင် ဓားစာခံ ၂၇ ဦးကို ဘိုကိုဟာရမ်တို့က ပြန်လွှတ်ပေးခဲ့

**ကင်မရွန်း အောက်တိုဘာ ၁၁**

ဘိုကိုဟာရမ်စစ်သွေးကြွများက ဓားစာခံအဖြစ် ဖမ်းဆီးထားသည့် တရုတ်နိုင်ငံသား အလုပ်သမား ၁၀ဦး အပါအဝင် ၂၇ ဦးကို ပြန်လွှတ်ပေးခဲ့ကြောင်း၊ ပြန်လွှတ်လာသူများတွင် ကင်မရွန်းဒုတိယဝန်ကြီးချုပ်၏ဇနီးလည်း ပါဝင်ကြောင်း ကင်မရွန်းသမ္မတ ပေါဘီယာက ပြောခဲ့သည်။

အဆိုပါဓားစာခံများကို နိုင်ဂျီးရီးယားနယ်စပ်အနီး၌ ပြီးခဲ့သည့်မေလနှင့်ဇွန်လက ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး အားလုံးဘေးအန္တရာယ်ကင်းရှင်းကြောင်း ၎င်းကပြောခဲ့သည်။

ဘိုကိုဟာရမ်တို့သည် နိုင်ဂျီးရီးယား၌ အစ္စလာမ့်နိုင်ငံထူထောင်ရန် ကြိုးစားနေပြီး ကင်မရွန်းနယ်စပ်တစ်လျှောက်၌ မကြာခဏတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ယင်းနယ်စပ်မြို့များရှိ နိုင်ဂျီးရီးယားပြည်သူအများစုသည် ဘိုကိုဟာရမ်တို့၏ တိုက်ခိုက်မှုများကိုရှောင်ရှားရန် မကြာသေးမီကလများက ကင်မရွန်းသို့ ရွှေ့ပြောင်းခဲ့ကြသည်။

ကင်မရွန်း၊ နိုင်ဂျီးရီးယား၊ ချဒ်နှင့် နိုင်ဂျာနိုင်ငံတို့သည် ဘိုကိုဟာရမ်တို့ကို ဖြိုခွင်းရန်အတွက် အင်အား ၂၈၀၀ ပါဝင်သည့် တပ်ဖွဲ့ဖွဲ့စည်းရန် ဇွန်လက သဘောတူညီခဲ့ကြသည်။ ကင်မရွန်းအနေဖြင့်လည်း မြောက်ပိုင်း ဒေသများသို့ တပ်ဖွဲ့ဝင်များထပ်မံစေလွှတ်ကာ အားဖြည့်ခဲ့သည်။

**(ဘီဘီစီ)**



မြောက်ပိုင်းဒေသများရှိ ဘိုကိုဟာရမ်တို့ကို ဖြိုခွင်းရန်စေလွှတ်ထားသော ကင်မရွန်းတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

နိုင်ငံတကာသတင်း

# တရုတ်နိုင်ငံအနောက်မြောက်ပိုင်း၌ မြေပြိုမှုကြောင့် ၁၉ ဦးသေဆုံး

**ယန်အန် အောက်တိုဘာ ၁၁**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ရှန်းရှီပြည်နယ် ယန်အန်မြို့ အဝေးပြေးလမ်း ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုတွင် ယမန်နေ့ ညနေပိုင်းက မြေပြိုမှုကြောင့် လူ ၁၉ ဦးထက်မနည်း သေဆုံးပြီး နှစ်ဦး ဒဏ်ရာရရှိသွားသည်။

ဒေသစံတော်ချိန် ည ၉ နာရီ ၁၂ မိနစ်တွင်ဖြစ်ပွားသည့် အဆိုပါ မြေပြိုမှုကြောင့် ယာယီအိမ်ရှစ်လုံး ပျက်စီးသွားပြီး မြေပိခံရသည့် ဆောက်လုပ်ရေးလုပ်သား ၂၁ ဦးအနက် ကိုးဦးမှာ နေရာတွင်ပင် သေဆုံးသွားကာ ဒဏ်ရာရသူများထဲမှ ၁၀ ဦးမှာ ဆေးရုံ၌ သေဆုံးသွားခဲ့ကြောင်း၊ နှစ်ဦးမှာ ကုသနေရဆဲဖြစ်ကြောင်း ကယ်ဆယ်ရေးဝန်ထမ်းများက ပြောကြားသည်။

သေဆုံးသူများမှာ ရှန်းရှီပြည်နယ် ဟွမ်းလင်းနှင့် ယန်အန်မြို့နှစ်မြို့ကို ဆက်သွယ်သည့်လမ်း စီမံကိန်းကို ဆောင်ရွက်နေသော တရုတ်ရထားလမ်းအမှတ်(၃) အုပ်စုမှ အလုပ်သမားများဖြစ်ကြသည်။ နောက်ထပ်မြေပြိုမှုများကို တားဆီးနိုင်ရန်အတွက် ဒေသအာဏာပိုင်များက တိုင်းတာစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(ဆင်ဟွာ)**



# အင်အား ၄ ဒသမ ၇ ရှိ ငလျင် ယူနန်ပြည်နယ်အတွင်း ထပ်မံလှုပ်ခတ်

ကျော် သဲ အိမ်

**ယူနန် အောက်တိုဘာ ၁၁**

တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ယူဂျင်ဟောင်ဒေသအနီးတွင် ယနေ့ညနေပိုင်းက အင်အား ၄ ဒသမ ၇ ရှိ ငလျင်တစ်ခု လှုပ်ခတ်သွားခဲ့ကြောင်း၊ ယင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုနှင့် သေဆုံးဒဏ်ရာရမှုများ ရှိမရှိ မသိရသေးကြောင်း သိရသည်။

ယူနန်ပြည်နယ် ဂျင်ဂူဒေသတွင် အောက်တိုဘာ ၇ ရက်က အင်အား ၆ ဒသမ ၆ ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ **(အောက်ပုံ)** တစ်ဦးသေဆုံး၍ ၃၀၀ ကျော် ဒဏ်ရာရရှိကာ ဆည်တာတမံခုနစ်ခုပျက်စီးသွားခဲ့ပြီး လူပေါင်းတစ်သိန်းကျော် ဒုက္ခရောက်ခဲ့ကြရကြောင်း ဆိုသည်။ ထို့ပြင် ငလျင်ကြောင့် ယူရာမြို့နှင့် လင်ကင်မြို့မှ လူပေါင်းတစ်သိန်းကျော် နေရာပြောင်းရွှေ့ခဲ့ရကြောင်းနှင့် တာတမံအနီးရှိ ဒေသခံ ၅၀၀ ကျော်ကိုလည်း ဘေးကင်းရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ဆိုသည်။ ယင်းမြေငလျင်ကြောင့် ယူနန်ပြည်နယ်မြို့တော် ကူမင်းမြို့၌ ပြင်းထန်သော တုန်ခါမှု တစ်ရပ်ဖြစ်ပွားခဲ့သည်။

ယူနန်ပြည်နယ်သည် ယခင်ကလည်း ငလျင်ဒဏ်ခံခဲ့ရသော ပြည်နယ်ဖြစ်ပြီး လွန်ခဲ့သော ဩဂုတ် ၃ ရက်ကလည်း ယူနန်ပြည်နယ် လူဒီယင်ဒေသတွင် အင်အား ၆ ဒသမ ၅ ရှိ ငလျင်တစ်ခုလှုပ်သွားခဲ့ကြောင်း သိရသည်။ **(အမ်အင်န်အေ/ဆင်ဟွာ)**



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ရပ်စောက်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၇၁၈ ပြားနှင့် တူမီးသေနတ် နှစ်လက် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

အောက်တိုဘာ ၈ရက်က ရပ်စောက်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ရပ်စောက်မြို့နယ် ပွေးကျေးရွာ လွယ်ဆင်ကျေးရွာနေ စောထွန်း၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မနန်းစံဟိန်းအား တွေ့ရှိပြီး စောထွန်းလွယ်ထားသည့် လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၁၈ပြားနှင့် နေအိမ်အိပ်ခန်းအတွင်းမှ တူမီးသေနတ် နှစ်လက်တို့ကို သိမ်းဆည်းရမိသဖြင့်စောထွန်း (၃၄နှစ်) နှင့် မနန်းစံဟိန်း(၂၁နှစ်)တို့နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



စောထွန်းနှင့် မနန်းစံဟိန်းတို့နှစ်ဦးအား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# တာမိုးညဲ၌ ဘိန်းဖြူ ၆၅၀ ဂရမ် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၁**

အောက်တိုဘာ ၄ ရက်က တာမိုးညဲမြို့နယ်ရှိ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များသည် နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် တာမိုးညဲမြို့နယ် ရှောက်ဟော်ကျေးရွာဘက်မှ တက္ကနိုင်းကျေးရွာဘက်သို့ လမ်းလျှောက်လာသူ တစ်ဦးအား စစ်ဆေးရန် ရပ်တန့်စဉ် အထုပ်တစ်ထုပ်ကို ပစ်ချထွက်ပြေးသွားသဖြင့် ၎င်းပစ်ချခဲ့သည့် အထုပ်ကိုစစ်ဆေးရာ ဘိန်းဖြူဆပ်ပြာခွက် ၆၅ ခွက်၊ ဘိန်းဖြူအလေးချိန် ၆၅၀ ဂရမ် ပိုင်ရှင်မဲ့ သိမ်းဆည်းရမိပြီး အောက်တိုဘာ ၈ ရက်တွင် မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်သို့ လွှဲပြောင်းပေးအပ်သဖြင့် တာမိုးညဲနယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားပြီး တရားခံဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပိုင်ရှင်မဲ့ သိမ်းဆည်းရမိ ဘိန်းဖြူဆပ်ပြာခွက်များကို တွေ့ရစဉ်။



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အက္ခရာ ၏၊ အက္ခရာ ၍၊ အက္ခရာ ၌

## မောင်ခင်မင် (ဓနုဖြူ)

"ကဲ သမီး ဘာသိချင်သေးသလဲ"

"ဆရာကြီး. . . စာရေးရင် 'အမေဈေးက ပြန်လာ ၏' ဆိုတာမျိုး ဝါကျကို အဆုံးသတ်တဲ့ '၏' ကိုလည်း 'အက္ခရာ ၏' လို့ စာလုံးပေါင်းရတယ် မဟုတ်လားရှင့်"

"ဟုတ်တာပေါ့ သမီးရဲ့"

"ဒီလိုဆိုရင် 'အက္ခရာ ဣ' နဲ့ 'အက္ခရာ ၏' ဆိုပြီး အက္ခရာနှစ်မျိုး ရှိတာပေါ့နော်"

"ဟုတ်တယ်။ သမီးပြောတာမှန်ပါတယ်။ '၏'ကိုလည်း 'အက္ခရာ၏' လို့ပဲ စာလုံးပေါင်းဆိုရတယ်။ အဲဒီ '၏' က 'ဣ'လို မူရင်းအက္ခရာတော့ မဟုတ်ဘူးကွဲ့။ ရေးရင်းနဲ့မှ ပြောင်းလဲလာတဲ့အက္ခရာပဲ"

ကျွန်တော်က ရေးပြရင်း ပြောလိုက်ပါသည်။

"ရှင်. . . ဆရာကြီးပြောတာသမီးနားမလည်ပါဘူး။"

"အေး. . . ရှင်းပြပါ့မယ်။ မြန်မာစာ စရေးတုန်းက ဝါကျအဆုံးမှာ အက္ခရာ ဧ နဲ့ဆုံးတယ်ကွဲ့။ ပုဂံခေတ်အစောပိုင်းကျောက်စာတွေမှာ ဥပမာ 'လျှ၏' ဆိုရင် 'လျှ ဧ' လို့ပဲရေးတယ်။ နောက်တော့ 'ဧ' နောက်က အ ကို အသတ်ကလေးထည့်ပြီး 'ဧ အ်' လို့ရေးတယ်ကွဲ့။ ဒီမှာကြည့် ဆရာရေးပြမယ်"

(ကျွန်တော်က 'ဧ အ်' ဟုရေးပြလိုက်သည်။)

"ဟုတ်ကဲ့ပါ ဆရာကြီး"

"အဲဒီလို 'ဧ အ်' လို့ရေးရာက နောက်တော့ နောက်က 'အ်' ဟာ အချောင်းကလေးနှစ်ချောင်းဖြစ်လာပြီး ခုရေးပုံအတိုင်း '၏' လို့ ဖြစ်လာတာပေါ့ကွယ်"

('၏' ဟု ရေးပြလိုက်သည်။)

"နားလည်ပါပြီ ဆရာကြီး။ သမီး သေသေချာချာမှတ်ထားပါ့မယ်"

"ခုခေတ်မှာတော့ 'သွား၏။ လာ၏' ဆိုတာမျိုး ကြိယာနောက်က သုံးသလို 'သူ၏စာအုပ်' ဆိုတာမျိုး ပိုင်ဆိုင်မှုပြတဲ့ နောက်ဆက်အဖြစ်လည်း သုံးတာပေါ့ကွယ်။ စာလုံးပေါင်းဆိုရင်တော့ 'အက္ခရာ ၏' လို့ပဲ ဆိုရမှာပေါ့"

"ဟုတ်ကဲ့ပါ"

" 'အက္ခရာ ၏' လိုပဲ ရေးရင်း ပုံစံပြောင်းလာတဲ့ အက္ခရာနှစ်လုံး ရှိသေးတယ်ကွဲ့"

"ဘာစာလုံးတွေပါလဲ ဆရာကြီး"

" 'အက္ခရာ ၍' နဲ့ 'အက္ခရာ ၌ ' ဆိုတဲ့ အက္ခရာနှစ်လုံးပေါ့"

" ဩော်. . . ဟုတ်ကဲ့ပါ"

" 'အက္ခရာ ၍' ကလည်း စရေးတုန်းက 'ရုယ်' လို့ ရေးတယ်။ ရကောက်ကို တစ်ချောင်းငင်ပြီး ယ သတ်ရတယ်"

"ပုဂံခေတ်က စာလုံးပေါင်းပုံပေါ့။ 'ရွေ့' လို့ အသံထွက်ရတယ်။ အဲဒီ 'ရုယ်' ဟာ နောက်တော့ '၍' လို့ ပုံစံပြောင်းလာတာပေါ့။ အဲဒီလိုပဲ 'အက္ခရာ ၌' ကလည်း စာရေးတုန်းက စာလုံးပေါင်းပြီး 'နှိုက်' လို့ ရေးတာပါ။ 'နှိုက်' ကို အတိုကောက်ရေးတော့ '၌' ဖြစ်လာတာပေါ့ကွယ်"

"ဒါဆိုရင် အဲဒီစာလုံးတွေကိုလည်း 'အက္ခရာ-၍'၊ 'အက္ခရာ-၌' လို့ပဲ စာလုံးပေါင်းဆိုရမှာပေါ့နော် ဆရာကြီး"

"ဟုတ်တယ်"

"အက္ခရာ-ဣ နဲ့ အ- ရေးလုံးကြီးတင်အိ ဆိုပြီး အက္ခရာအတိုင်းလည်း ရေးလို့ရတယ်။ အ-နဲ့ စာလုံးပေါင်းပြီးတော့လည်း ရေးလို့ရတယ်။ နှစ်မျိုး ရေးနိုင်တာပေါ့နော် ဆရာကြီး"

" သမီးက တော်တယ်ဟေ့။ ဆရာပြောခဲ့တဲ့ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ၊ ဪ ဆိုတဲ့ သရအက္ခရာတွေကို အဲဒီအသံတွေရအောင် 'အ' နဲ့လည်း စာလုံးပေါင်းပြီး ရေးနိုင်တာပေါ့ကွယ်။ 'အိ'ဆိုရင် ' ဣ၊ ၏၊ အိ' ဆိုပြီး သုံးမျိုးတောင် ရေးနိုင်တယ်လေ။ အဲ. . . 'အ-ရေးလုံးကြီးတင်ဆံခတ် အီ အောက်ကမြစ် အို' ပါ ဆိုရင်တော့ လေးမျိုးတောင် ရေးနိုင်တာပေါ့ကွယ်"

" ဟုတ်ကဲ့ပါ"

" ကဲ. . . တစ်မျိုးစီကြည့်ရအောင်။ ဣ ရယ်၊ ၏ ရယ်၊ အိ ရယ်၊ ဘယ်လို ခွဲခြားသုံးတယ်ဆိုတာ သမီးပြောကြည့်စမ်းပါ"

" ဟုတ်ကဲ့၊ '၏' ကို 'သွား၏။ လာ၏။ သူ၏။' ဆိုတာမျိုးသုံးပါတယ်။ ' အိ ' ကိုတော့ 'လှိုင်းအိကလေးတွေ' တို့၊ 'တအိအိ' တို့မှာ သုံးပါတယ်"

" ဟုတ်ပြီ။ ဣ ကိုရော"

" ဣ ကိုတော့ သမီးဘယ်လိုသုံးမှန်း မသိပါဘူး ဆရာကြီး"

" ဣ က မြန်မာစကားစစ်စစ်မှာ အသုံးမရှိပါဘူး။ ပါဠိကလာတဲ့ 'ဣ ရိယာပုတ်' ဆိုတာမျိုးမှာသုံးတာပေါ့။ ကဲ ' ဤ'နဲ့ ' အီ 'ကော"

" ဤလူနဲ့ တအီအီ၊ စားလို့အီတယ်ဆိုတာမျိုး ခွဲသုံးပါတယ်"

" ဟုတ်ပြီ။ 'ဥ' နဲ့ 'အု' ရော"

" 'ဥ' က ကြက်ဥ၊ ဘဲဥမှာ သုံးပါတယ်။ 'အု'တော့ သမီးမတွေ့ဖူးပါဘူး"

" အရင်တုန်းကတော့ 'ဥ အုသည်' လို့ခွဲသုံးဖူးတယ်။ ခုတော့ 'ဥ ဥသည်' လို့ပဲ အက္ခရာ ဥနဲ့ သုံးတယ်။ အဲ ဆရာကြီး သခင်ဘသောင်းရဲ့ ဝတ္ထုထဲက နာမည်ကိုတော့ ' ပန်းသာမစာအု' လို့ အ-နဲ့ ရေးဖူးတယ်ကွဲ့"

" ဟုတ်ကဲ့ပါ "

> " ကဲ . . . ဘယ်အက္ခရာတွေကို စာလုံးပေါင်းပြီး ဘယ်လိုဆိုရတယ်၊ ဘယ်အက္ခရာတွေကိုတော့ ရှေ့က "အက္ခရာ" ဆိုတဲ့ စကားထည့်ပြီး ဆိုရတယ်ဆိုတာ သမီး ရှင်းလောက်ပါပြီ။ ကလေးတွေကို သေသေချာချာသင်ပေးပေါ့ကွယ် "

" 'ဦ' နဲ့ 'အူ' ရောကွယ်"

" အဆောက်အဦနဲ့ 'ဝမ်းထဲက အူ၊ မီးခိုး အူ၊ ခွေး အူ' ဆိုတာမျိုး သုံးပါတယ် ဆရာကြီး"

" ဟုတ်ပါပြီ ။ 'ဦး' နဲ့ 'အူး' ရောကွယ်"

" နာမည်ရှေ့မှာထည့်တာက အက္ခရာ ဦးပါ၊ 'တစ်ဦးတစ်ယောက် ' မှာလည်း ' ဦး' ကို သုံးပါတယ်။ အ-နှစ်ချောင်းငင် အူ ဝစ္စနှစ်လုံးပေါက် အူး ကိုတော့ ဘယ်နေရာမှာ သုံးတယ်ဆိုတာ သမီးမသိပါဘူး ဆရာကြီး"

" 'အူး-- အား' ကို အော်တဲ့ အသံမျိုးဆိုရင် 'အူး' လို့ ရေးတာပေါ့"

"အဲ--- ဆရာသော်တာဆွေရဲ့ ဟာသဝတ္ထုဇာတ်ဆောင်တစ်ယောက်ကို 'ပေါ်အူး' လို့ အ နှစ်ချောင်းငင် ဝစ္စပေါက်နဲ့ နာမည်ပေးထားတယ်ကွဲ့ "

"အမတ်ကြီး ဦးပေါ်ဦးကို အက္ခရာ ဦးလို့ ရေးတာမို့ ဟာသဝတ္ထုမှာ 'အ' နဲ့ 'အူး'လို့ ရေးတာထင်တယ်နော် ဆရာကြီး "

" ဟုတ်တာပေါ့။ ပြောရဦးမယ်။ သံဃာတော် ဘွဲ့တချို့မှာ 'ဦး' ကို နှစ်ချောင်းငင်နဲ့ 'ဦူး' လို့ ရေးတာလည်း ရှိတယ်ကွဲ့။ 'ဥ' ရဲ့အမြီးကလေး ကို တစ်ချောင်းငင်လို့ သဘောထားပြီး နှစ်ချောင်းငင် ဖြစ်အောင် တစ်ချောင်း ထပ်ထည့်တာပေါ့ကွယ် ။ အသုံးတော့ မများပါဘူး ။ ကဲ- 'ဧ' ကရောကွယ်"

" တချို့ လူနာမည်တွေကို အက္ခရာ ဧ နဲ့ ရေးတာ တွေ့ပါတယ် ဆရာကြီး"

" 'အေး' ကတော့ ပူတယ် အေးတယ်၊ အေးစက်တယ် ဆိုတာမျိုး သုံးပါတယ်"

" မြန်မာစာပါမောက္ခဆရာကြီး ဦးဧမောင်တို့ ပင်လုံစာချုပ် လက်မှတ် ရေးထိုးရာမှာပါတဲ့ ဆရာကြီး ဦးတင် ဧ တို့ကတော့ သူတို့နာမည်တွေကို အက္ခရာ ဧ နဲ့ ရေးလေ့ရှိတယ်ကွဲ့။ ဧ ချင်းကဗျာကိုလည်း အက္ခရာ ဧ နဲ့ရေးတယ်။ မှတ်သားစရာတစ်ခုရှိတာက--"

"ဘာပါလဲ ဆရာကြီး"

" ဧ ရာဝတီကိုလည်း အက္ခရာ ဧ နဲ့ ရေးပေမယ့် အသံထွက် ' အေး' လို့ မထွက်ရဘူး ၊ 'အေ' လို့ပဲ ထွက်ရတယ်ကွဲ့၊ ဘာကြောင့်လဲ သိလား

" မသိပါဘူး ဆရာကြီး"

" ဧရာဝတီတို့၊ ဧကရီတို့၊ ဧဝုစ်ကိန်းတို့၊ ဧကန်တို့ ဆိုတဲ့ စကားလုံး တွေက ပါဠိစကားလုံးတွေလေ။ ပါဠိမှာ 'အေ' လို့ပဲ အသံထွက်တယ်"

" 'ချင်းတို့၊ ယေင်ကျူးသည်တို့မှာပါတဲ့ ' ဧ' က အေးတဲ့ အဓိပ္ပါယ် ရတဲ့ မြန်မာစကားမို့ 'အေး' လို့ အသံထွက်ရတာပေါ့"

" ဟုတ်ကဲ့ပါ"

" အင်္ဂလိပ်လနာမည်တစ်ခုတောင် အက္ခရာ ဧ နဲ့ ရေးတာတွင်နေပြီ။ 'ဧပြီလ' လေ"

" 'အေ' လို့ပဲ အသံထွက်ရတယ်မဟုတ်လား ။ ကဲ 'ဩ' နဲ့ ' ဪ' ရောကွယ်"

'ဩ' က 'ဩကာသ' တို့ 'အံ့ဩ တို့မှာ သုံးပါတယ်။ 'အော' ကတော့ အသံအောတာလို့ ထင်ပါတယ်။ 'ဪ' က 'ဪ ဟုတ်လား တို့လို အသံထွက်တဲ့အခါ သုံးပါတယ်။ 'အော်' က ဟစ်အော်တာပါ"

" 'ဪ' ကို အာမေဋိတ်စကားလို့ ခေါ်တာပေါ့ကွယ်။ အံ့ဩတာတို့၊ အံ့အားသင့်တာတို့ကြောင့် ရုတ်တရက် ပါးစပ်ထဲကထွက်လာတဲ့အသံ ပေါ့"

" ဟုတ်ကဲ့ပါ"

" ဂါထာတွေ ဘာတွေရွတ်တဲ့အခါ အောင်မြင်ပါစေသတည်း ဆိုတဲ့ အဓိပ္ပါယ်နဲ့ ' ဩောင်း' လို့ ရွတ်ဆိုတာကိုလည်း အက္ခရာ ဩနဲ့ပဲ ရေးတယ်"

" 'အောင်း' လို့ပဲ အသံထွက်ရတာပေါ့"

"ဟုတ်ကဲ့ပါ"

" ကဲ. . . ဘယ်အက္ခရာ တွေကို စာလုံးပေါင်းပြီး ဘယ်လိုဆိုရတယ်၊ ဘယ်အက္ခရာတွေကိုတော့ ရှေ့က 'အက္ခရာ' ဆိုတဲ့ စကားထည့်ပြီး ဆိုရတယ်ဆိုတာ သမီးရှင်းလောက်ပါပြီ။ ကလေးတွေကို သေသေချာချာ သင်ပေးပေါ့ကွယ်"

" ဟုတ်ကဲ့ပါ။ အများကြီး ကျေးဇူးတင်ပါတယ် ဆရာကြီး "

# အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီ၏ (၄/၂၀၁၄)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁၀ ရက်တွင် နေပြည်တော်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ အမျိုးသားကော်မတီဝင် ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ စာရင်းအင်းပညာရှင်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် အလုပ်ရှင်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီ ဒုတိယဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်းက အမှာစကား ပြောကြားရာတွင် အနည်းဆုံး အခကြေးငွေဥပဒေနှင့် နည်းဥပဒေများအရ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းစဉ် (၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာမှာ စာရင်းစစ်တမ်းကောက်ယူခြင်းအပိုင်းသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အလုပ်ရှင်နှင့် အလုပ်သမားများ၏ ဆွေးနွေးချက်ရလဒ်များ၊ သုတေသနလုပ်ငန်းများမှ ရရှိလာသည့် ရလဒ်များ၊ အာဆီယံနိုင်ငံများတွင် ကျင့်သုံးနေသည့် အနည်းဆုံးအခငွေကြေး သတ်မှတ်မှုပုံစံများနှင့် ချိန်ထိုးနှိုင်းယှဉ်ပြီး အတတ်နိုင်ဆုံး မြန်မြန်နှင့် ထိထိရောက်ရောက် ဖြစ်စေရန်အတွက် ဘက်ပေါင်းစုံမှစဉ်းစားပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အနည်းဆုံး အခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် စာရင်းစစ်တမ်းကောက်ယူရေး လုပ်ငန်းစီမံချက်ကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သန်လျင်ကြာကန် ဓမ္မဗိမာန်တော်တည်ဆောက်ရေး အလှူငွေပေးအပ်

**ရန်ကုန် အောက်တိုဘာ ၁၁**

သန်လျင်မြို့သမိုင်းဝင်ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ တည်းခိုနိုင်ရန်နှင့် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲများကျင်းပနိုင်ရန် ရည်ရွယ်ကာ တည်ဆောက်လျက်ရှိသော ကြာကန် ဓမ္မဗိမာန်တော် တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၁၀ ရက်က ဂေါပကအဖွဲ့ရုံးတွင် ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင် မိဘများဖြစ်ကြသော (ဦးရွှေဝင်း- ဒေါ်သိန်းခင်)၊ ခင်ပွန်းဖြစ်သူ (ဦးထိန်ဝင်း) တို့ကို ရည်စူးလျက် သန်လျင်မြို့ အမှတ် (၇၄) ကျိုက်ခေါက် ဘုရားလမ်းနေ ဒေါ်စိန်ကြည် သားသမီးမြေးတစ်စုတို့က အလှူငွေကျပ်သိန်း ၅၀၊ (ဗိုလ်မှူးအောင်မြင့်ဦး) အား ရည်စူးလျက် စမ်းချောင်းမြို့နယ်နေ ဇနီး ဒေါ်မိမိမော်မိသားစုက အလှူငွေကျပ် သိန်း ၅၀ တို့ကို ပေးအပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြတ်စိုးနှင့် အဖွဲ့ဝင်များက လက်ခံခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**



**ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် အလုံမြို့နယ် ငုဝါလမ်းတွင် အောက်တိုဘာ ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လမ်းရေလျှံနေစဉ်။**

တင်မောင်ဦး(အလုံ)

ပြည်တွင်းသတင်း

## ရန်ကုန်တိုင်းဒေသကြီး အဆင့်မြင့်ပညာအဆင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၁**

၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (အဆင့်မြင့်ပညာအဆင့်) အကြိမ်(၂၀)မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် (ဒဂုံမြို့သစ်) တောင်ပိုင်းမြို့နယ် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သရဖီဆောင်၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ သဘင်ဂီတပညာရှင်များ၊ အကဲဖြတ်ဒိုင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်၊ ကရင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဦးကျော်ဦးတို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပါမောက္ခချုပ် ဦးကျော်ဦးက အမှာစကားပြောကြားသည်။

ယင်းနောက် တေးသီချင်း ယိမ်းအကနှင့် တေးသရုပ်ဖော်တို့ဖြင့် ဖျော်ဖြေတင်ဆက်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါ်စန်းစန်းနွယ်က ပြိုင်ပွဲအတွက် ချီးမြှင့်ငွေကျပ် ၁၀ သိန်းနှင့် ဖျော်ဖြေတင်ဆက်ခဲ့သည့် ဖျော်ဖြေရေးအဖွဲ့ဝင်များကို ဂုဏ်ပြုပန်းခြင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## နိုင်ငံတော်သမ္မတ၏ပညာသင်ဆုရွေးချယ်ရေး အကြံညှိနှိုင်း

**ရန်ကုန် အောက်တိုဘာ ၁၁**

နိုင်ငံတော်သမ္မတ၏ ပညာသင်ဆုရွေးချယ်ရေး အကြံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ ညနေ ၄ နာရီတွင် ရန်ကုန်မြို့ အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပညာရေးနှင့်ဆက်စပ်သော ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ထပ်မံညှိနှိုင်းကာ ရွေးချယ်ရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ကြေညာပြီး ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**

## (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများအတွက် ပူးတွဲကြိုတင်ပြင်ဆင်မှုစည်းဝေး



**နေပြည်တော် အောက်တိုဘာ ၁၁**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကြိုတင်ပြင်ဆင်မှုများနှင့် စပ်လျဉ်း၍ အာဆီယံမဏ္ဍိုင်ကြီး(၃)ရပ်မှ အဆင့်မြင့်အရာရှိကြီးများ၏ ပူးတွဲကြိုတင်ပြင်ဆင်မှုအစည်းအဝေးကို အောက်တိုဘာ ၁၁ ရက်က နေပြည်တော်ရှိ ဂရန်းအမရဟိုတယ်၌ မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၅ နာရီခွဲအထိ ကျင်းပခဲ့ရာ ယင်းအစည်းအဝေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ပြီး အစည်းအဝေးတွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးမဏ္ဍိုင်မှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံစီးပွားရေးမဏ္ဍိုင်အောက်မှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံယဉ်ကျေးမှုမဏ္ဍိုင်မှ အဆင့်မြင့်အရာရှိကြီးများ၊ ကိုယ်စားလှယ်များနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်များ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

အစည်းအဝေးတွင် နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပမည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကြိုတင်ပြင်ဆင်မှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

**မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ** အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

**(မိုး/ဇလ)**

## မော်လမြိုင်ကျွန်း အဝေးပြေးယာဉ်ရပ်နားစခန်း မကြာမီဖွင့်လှစ်တော့မည်

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၁**

လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် မော်လမြိုင်ကျွန်းမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မော်လမြိုင်ကျွန်းမြို့ အဝေးပြေးယာဉ်ရပ်နားစခန်း ကားကြီးဝင်းကို မော်လမြိုင်ကျွန်းမြို့ ရာဇဒိုင်တံတား အမှတ်(၂) အနီးတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှု၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့က ကြီးကြပ်တည်ဆောက်လျက်ရှိသည်။

**တည်ဆောက်ပြီးစီး**

ယင်း အဝေးပြေးယာဉ်ရပ်နားစခန်း၏ မြေအကျယ်အဝန်းမှာ သုံးဧကခန့်ကျယ်ဝန်းပြီး အလျား ၆၅၄ ပေ၊ အနံ ပေ ၂၀၀ ပေါ်တွင် ယာဉ်ရပ်ရန်နေရာ၊ လူနေဆိုင်ခန်းများ၊ ခရီးသည်နားနေဆောင်များ၊ ကားပါကင်များ တည်ဆောက်လျက်ရှိရာ အောက်တိုဘာ ၁၁ ရက်အထိ ၈၀ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီး ယခု အောက်တိုဘာလကုန်တွင် အဝေးပြေးယာဉ်ရပ်နားစခန်း ကားကြီးဝင်း တည်ဆောက်ပြီးစီးမည်ဖြစ်သည်။

အဆိုပါ မော်လမြိုင်ကျွန်းမြို့ အဝေးပြေးယာဉ်ရပ်နားစခန်းကားကြီးဝင်းကို မကြာမီဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြင့်အောင်(မော်ကျွန်း)**

## ၂၀၁၅ အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အာဆီယံပူးပေါင်းညှိနှိုင်းရေးကောင်စီလုပ်ငန်းအဖွဲ့ ဒုတိယအကြိမ်စည်းဝေး

**နေပြည်တော် အောက်တိုဘာ ၁၁**

နေပြည်တော် ဂရန်းအမရဟိုတယ်၌ ယနေ့ နံနက်ပိုင်းတွင် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အာဆီယံ ပူးပေါင်းညှိနှိုင်းရေးကောင်စီ လုပ်ငန်းအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးကို ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။

အစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် ဦးညဏ်လင်းတို့ တက်ရောက်သည်။

အစည်းအဝေးတွင် ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်း၏ မျှော်မှန်းချက် (Post-2015 ASEAN Community's Vision)တွင် ပါဝင်ရမည့် အဓိကအခြေခံအချက်များကို ဆွေးနွေးခဲ့သည်။ ယင်းအဓိကအခြေခံအချက်များကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် (၂၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးသို့ အာဆီယံ ပူးပေါင်းညှိနှိုင်းရေးကောင်စီမှတစ်ဆင့် တင်ပြသွားမည်ဖြစ်သည်။ အခြေခံအဓိကအချက်များတွင် အာဆီယံကို အစိုးရချင်းဆိုင်ရာ အဖွဲ့အစည်းအဖြစ် ပိုမိုမြင့်တင် ဆောင်ရွက်သွားရန်၊ အာဆီယံနိုင်ငံအချင်းချင်း ဆက်ဆံရေးတွင် အာဆီယံပဋိညာဉ်စာတမ်းတွင် ပြဋ္ဌာန်းထားသည့် အခြေခံမူများနှင့် အာဆီယံစာချုပ်စာတမ်းများနှင့်အညီ ဆက်လက်လိုက်နာဆောင်ရွက်သွားကြရန်၊ နိုင်ငံရေးအရစည်းလုံးပြီး စီးပွားရေးအရ ပေါင်းစည်းမှုရှိ၍ လူမှုရေးအရ တာဝန်သိမှုရှိသော အာဆီယံအသိုက်အဝန်းအဖြစ်သို့ ဦးတည်သွားရန်၊ ရပ်ပိုင်းဆိုင်ရာ၊ အဖွဲ့အစည်းပိုင်းဆိုင်ရာနှင့် ပြည်သူများအချင်းချင်း ဆက်သွယ်ပေါင်းစည်းမှုတို့ကို ဆတက်ထမ်းပိုးတိုးမြှင့်သွားရန်၊ အာဆီယံအဖွဲ့အစည်းများနှင့် အာဆီယံ၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆောင်ရွက်မှု တိုးတက်ရန်တို့ကို အဓိကအခြေခံထားသည်။

အစည်းအဝေးတွင် သဘာပတိက ၂၀၁၄ ခုနှစ် မြန်မာအာဆီယံဥက္ကဋ္ဌတာဝန်ယူစဉ်အတွင်း ပြီးစီးအောင်ဆောင်ရွက်နိုင်ခဲ့သည့် ၂၀၁၅ ခုနှစ်လွန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်ဆိုင်ရာ အဓိကအချက်များနှင့် ပတ်သက်၍ နေပြည်တော်မူဘောင် ကြေညာစာတမ်း(မူကြမ်း)ကို တင်ပြခဲ့သည်။ အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်အဖွဲ့များက အဆိုပါ နေပြည်တော်မူဘောင် ကြေညာစာတမ်းကို (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များက အတည်ပြုချမှတ်နိုင်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများ၏ အကြံပြုချက်များကိုပေးပို့ရန် သဘောတူခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရှေးဟောင်းပစ္စည်းများ တူးဖော်တွေ့ရှိ

**မင်းလှ အောက်တိုဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကုန်းကြီးကျေးရွာအုပ်စု ဂျင်ရဲမြောင်ကျေးရွာ တောင်ဘက် တစ်မိုင်ခန့်အကွာရှိ ဦးတင်ရွှေ၏ ယာခင်းအနီး ဦးခင်မောင်သန်းနှင့် ကိုမြင့်သိန်းတို့သည် ရေသွားခပ်ကြရာတွင် တောင်ခြေကမ်းပါးကို ရေတိုက်စားပြီး တစ်ခြမ်းပေါ်နေသော ကြေးအိုးကို မြင်တွေ့သဖြင့် တူးဖော်ကြည့်ရာ ကြေးအိုးကြီးအတွင်းရှိ ကြေးအိုးငယ်အတွင်း၌ ညဏ်တော်တစ်လက်မခန့်ရှိ တင်ပျဉ်ခွေ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူအပါအဝင် ရှေးဟောင်းပစ္စည်းဟု ယူဆရသည့် ပစ္စည်းအမျိုးပေါင်း ၁၂ မျိုးတွေ့ရှိသဖြင့် အောက်တိုဘာ ၉ ရက် နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ သွားရောက်အပ်နှံခဲ့ကြောင်း တူးဖော်တွေ့ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ ရှေးဟောင်းပစ္စည်းများနှင့် စပ်လျဉ်း၍ မင်းလှရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ဒေါ်နီနီထွန်းက နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ပေးပို့ပြီး စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် ရှေးဟောင်း ပစ္စည်းမှန်ပါက လာရောက်အပ်နှံသူများအား ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

Entrepreneurship and the Role of SMEs in the ASEAN ECONOMIC COMMUNITY programme Seminar အား ၂၀၁၄ခုနှစ် အောက်တိုဘာ ၁၈ရက် (စနေနေ့) မွန်းလွဲ ၁:၀၀ နာရီမှ ၄:၀၀ နာရီသို့ ပြောင်းလဲကျင်းပပါမည်။

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 3D/8068 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/8349 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန (ရွာသာကြီး)**

**ဖခင်အမည်မှန်**

ကော့မှူးမြို့နယ်၊ ဆင်ခြံကျေးရွာ အောင်ဇမ္ဗူဘုန်းတော်ကြီးသင် ပညာရေးကျောင်း နဝမတန်းတွင်ပညာသင်ကြားနေသော မောင်ကျော်ဇံအောင်၏ ဖခင်အမည်မှန်မှာ ဦးရဲဝင်း ၁၀/မလမ(နိုင်)၂၅၁၇၄ဖြစ်ပါကြောင်း။ **ဦးရဲဝင်း**

## ပြည်တွင်းသတင်း

✻ ကျောဖုံးမှ

ပင့်ဆောင်ကြကြောင်း သိရသည်။

ဆက်လက်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဇနီးတို့က ဖောင်တော်ဦး မြတ်စွာဘုရားများကို ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ ရွှေသက်န်း ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူတို့သည် နန်းဟူး ဘုန်းတော်ကြီးကျောင်းတွင် ဟဲယာရွာမ ရွှေဘုံသာကျောင်းတိုက် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများက ဆရာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူတို့သည် အင်းသားရိုးရာလှေပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကိုကြည့်ရှုအားပေးကြပြီး ဆုများချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ညောင်ရွှေမြို့ အင်းလယ်ဖိုတဲသို့ ရောက်ရှိပြီး ပြည်နယ် ဆည်မြောင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ အင်းလေးကန်သာယာလှပ စိမ်းလန်းစိုပြည်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး လုပ်ငန်းဆိုင်ရာများ၊ အင်းလေးကန်ရေရှည် တည်တံ့ရေး ထိခိုက်စေသောအကြောင်းအရာများ၊ အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်သည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များ ထုတ်လုပ်မှုနှင့် ပုလဲသွယ်စပ်မျိုးစပါး နှစ်အလိုက်တိုးမြှင့်စိုက်ပျိုးနိုင်မှုများနှင့် သိပ္ပံနည်းကျစိုက်နည်း စနစ်များသုတေသနပြုလုပ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး ပေါင်းစပ်ညှိနှိုင်း လုပ်ကိုင်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



**အင်းသားရိုးရာလှေပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်။**

## အဘိဓမ္မာရွတ်ဆို

**ကြံခင်း အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ပေါက်တိုင်းကျေးရွာ တုမရ ရွှေသာလျောင်းဘုရားကြီး ရင်ပြင်တော်အတွင်း၌ အောက်တိုဘာ ၈ ရက်က ဗုဒ္ဓေါဝါဒစရိယပရိတ်အသင်း(ပေါက်တိုင်း)က အဘိဓမ္မာအခါတော်နေ့ ကျူးရင့်သံများရွတ်ဖတ်ပူဇော်၍ အဘိဓမ္မာအခါတော်နေ့ကို ကျင်းပပူဇော်ခဲ့ကြကြောင်း သိရသည်။

**သုခဒွန်း(ပေါက်တိုင်း)**

စာပေမြင့်မှ လူမျိုးတင့်မည်

● ရှေ့ဖုံးမှ

ဧရိယာ ၆၆၀၀၀၀ကျော်ရှိတယ်။ အထက်မှာ ရေခဲတောင်တွေရှိပြီး အောက်ဘက်မှာ မြိတ်ကျွန်းစုတွေရှိတယ်။ ပုဂံနဲ့သရေခေတ္တရာလို ယဉ်ကျေးမှုအမွေအနှစ်တွေရှိတယ်။ သဘာဝဂေဟစနစ်တွေ အများကြီးမပျက်ယွင်းဘဲ ရှိနေတာကြောင့် ၂၀၂၀မှာ လျာထားချက် ခရီးသည်ခုနစ်သန်းကို ပြည့်မီမှာပါ။

**မေး ။ ။ ခရီးသည်တွေအတွက် ဟိုတယ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းမြှင့်တင်မှုအနေအထားကို ပြောပြပေးပါ။**

ဖြေ ။ ။ မြန်မာနိုင်ငံ တစ်ခုလုံးမှာ ဟိုတယ်အလုံးပေါင်း ၁၁၀၀ ဝန်းကျင်နဲ့ အခန်းပေါင်း လေးသောင်းကျော်ရှိနေပါပြီ။ ဒါ့အပြင် ကမ္ဘာ့နိုင်ငံကျော် ဟိုတယ်လုပ်ငန်းစုတွေလာရောက် ဖွင့်လှစ်နေကြတာဖြစ်လို့ ဟိုတယ်အခန်း လိုအပ်ချက်ကတော့ လက်ရှိမှာ အဆင်ပြေလာပါပြီ။ သို့သော် ဝန်ဆောင်မှုနဲ့ ဈေးနှုန်းသတ်မှတ်မှုတွေမှာတော့ လိုအပ်ချက်တွေရှိနေတယ်။ ဒါကတော့ ကျွန်တော်တို့လည်း ကြိုးစားဖြေရှင်းမြှင့်တင်နေပါတယ်။

၂၀၁၃ခုနှစ်မှာ ခရီးသွားလုပ်ငန်းအမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကို ရေးဆွဲကျင့်သုံးပါတယ်။ ဒေသတွင်းနိုင်ငံတွေနဲ့ ခရီးသွားလုပ်ငန်းမြှင့်တင်ဖို့ အစီအမံတွေ ချမှတ်ဆောင်ရွက်သလို နိုင်ငံတကာအသိအမှတ်ပြုတဲ့ တာဝန်သိ ခရီးသွားလုပ်ငန်းကြီးဖြစ်လာစေဖို့နဲ့ ဂေဟခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွေ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းနေသလို ဂျပန်နိုင်ငံနဲ့လည်း ပုဂံဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေပါတယ်။ အင်းလေးအတွက်လည်း Destination Management စတင်ရေးဆွဲနေပါပြီ။

**မေး ။ ။ ဟိုတယ်နဲ့ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်ချက်တွေနဲ့ စိန်ခေါ်မှုတွေအကြောင်းကိုလည်း ပြောပြပေးပါဦး။**

ဖြေ ။ ။ ကျွန်တော်တို့အတွက် စိန်ခေါ်မှုတွေ ကလည်း အများကြီးရှိပါတယ်။ နိုင်ငံသားလုပ်ငန်းရှင်တွေအတွက်လည်း စိန်ခေါ်မှုတွေအများကြီးရှိတယ်။ အခုတင် နိုဘိုတယ်လို ကမ္ဘာကျော် ဟိုတယ်ကြီးတွေ လာဖွင့်နေကြပြီ။ ကျွန်တော်တို့ ပြည်တွင်းဟိုတယ် လုပ်ငန်းတွေက အမီလိုက်နိုင်ဖို့လိုပါတယ်။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်ဖို့အတွက် လိုအပ်နေသေးတဲ့ နိုင်ငံတကာခရီးသွားလုပ်ငန်းချိတ်ဆက်နိုင်မှုတွေ အားနည်းနေတယ်။ ခရီးသွားလုပ်ငန်းဆိုတာ လူသားကုန်ထုတ်စက်ရုံ အမျိုးအစားဖြစ်ပါတယ်။ ကုန်စည်ရောင်းချခြင်း မဟုတ်ပါဘူး။ ခရီးစဉ်တစ်ခုကို ခရီးသွားက ဝယ်လိုက်တယ်ဆိုရင် သူ့ရဲ့မျှော်လင့်ချက်က အဆင်ပြေစွာ သွားရောက်နိုင်ဖို့ဖြစ်ပါတယ်။ သူတို့စပြီး ရောက်ရှိတဲ့အချိန်ကစလို့ လေယာဉ်ပေါ် ပြန်လည်ထွက်ခွာတဲ့အထိ ကဏ္ဍအလိုက် ကျွန်တော်တို့က မြှင့်တင်ထားနိုင်မယ်၊ ဝန်ဆောင်မှုကို စိတ်ချမ်းသာစွာပေးနိုင်မယ်ဆိုရင် အကောင်းဆုံးပါ။ အခုအချိန်အထိ နိုင်ငံတော်အဆင့်ပွဲမှာတောင် ယင်ကောင်တစ်ကောင်ကို မထိန်းချုပ်နိုင်တာ တွေ့ရတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ဖြစ်တတ်ပါတယ်ဆိုပြီး ရိုးရိုးတွေးပေမယ့် ခရီးသည်ကတော့ ကျွန်တော်တို့ရဲ့ ဝန်ဆောင်မှုကို ဘာမဟုတ်တဲ့ အသေးအဖွဲ့ကနေ ယုံကြည်မှုကျဆင်းသွားနိုင်ပါတယ်။ အခုနောက်ပိုင်းမှာ ဟိုတယ်သစ်တွေရဲ့ ဈေးနှုန်းတွေက တစ်ရက်တာကို ကန်ဒေါ်လာ ထောင်နဲ့ချီပြီး ပေးနေကြတယ်။ ဝန်ဆောင်မှုကလည်း ထိပ်တန်းကို ဖြစ်နေရမှာ။ အဲဒီအတွက် လူ့စွမ်းအား အရင်းအမြစ်ကဏ္ဍတွေ ဖွံ့ဖြိုးလာဖို့ အများကြီး လိုအပ်နေပါသေးတယ်။

**မေး ။ ။ မကြာမီကျင်းပတော့မယ့် အာဆီယံထိပ်သီး အစည်းအဝေးတွေအကြောင်းနဲ့ ဝန်ကြီးဌာနက ပြင်ဆင်ဆောင်ရွက်တာဝန်ယူမယ့် အပိုင်းကိုလည်း သိပါရစေ။**

ဖြေ ။ ။ နိုဝင်ဘာလမှာ အာဆီယံ ဒုတိယအကြိမ် အစည်းအဝေးရှိပါတယ်။ ပထမအကြိမ်တုန်းက အာဆီယံဒေသတွင်းနိုင်ငံတွေက အကြီးအကဲတွေတက်ရောက်ကြတယ်။ ဒုတိယအကြိမ်မှာတော့ နိုင်ငံတကာက ထင်ရှားတဲ့ ခေါင်းဆောင်တွေနဲ့ အဖွဲ့အစည်းတွေ အတော်များများပါဝင်လာကြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နေရာထိုင်ခင်း၊ အစားအသောက်နဲ့ သွားလာရေး အားလုံးကိုတော့ ပြင်ဆင်ထားပြီးပါပြီ။ နေပြည်တော်မှာ အခန်းပေါင်း ၆၀၀၀ဝန်းကျင်ရှိနေပါပြီ။ အခုလို ထိပ်တန်းအစည်းအဝေးကြီးတွေ ကျင်းပခွင့်ရလို့ ကျွန်တော်တို့နိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဟာလည်း အများကြီးတိုးတက်ပြောင်းလဲသွားနိုင်ပါတယ်။ ဥပမာပြောရရင် မနေ့ကတင် စီအန်အန်က ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအစီအစဉ်တွေ ပူးပေါင်းဆောင်ရွက်ဖို့ ကမ်းလှမ်းလာတာကို တွေ့ရပါတယ်။

ဒါ့အပြင် ဇန်နဝါရီ ၂၂ ရက်ကနေ ၂၉ ရက်အထိ ကျင်းပမယ့် အာဆီယံခရီးသွား ဖိုရမ်မှာဆိုလည်း ပါဝင်ပြသဖို့ လျာထားတဲ့ ပြခန်းက ၄၂၀ ကျော်သွားပါပြီ။ မြန်မာကွန်ဗင်းရှင်းစင်တာ(၁)မှာရော(၂)မှာပါ ကျင်းပသွားမယ်။ အောင်မြင်မယ်လို့လည်း ယုံကြည်ပါတယ်။

**မေး ။ ။ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ခြင်းကနေ လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဘယ်လောက်များ ရရှိနိုင်ပါမလဲ။**

ဖြေ ။ ။ ကျွန်တော်တို့ ဟိုတယ်/ခရီးသွားလုပ်ငန်းတွေက အခြားလုပ်ငန်းတွေထက် လူတွေကို ပိုပြီးအလေးထားရတယ်။ လူ့အကြောင်းသိချင်ရင် ခရီးသွားကြည့်ပါဆိုတဲ့ဆိုရိုးရှိပါတယ်။ ခရီးသည်တွေအတွက် ကျေနပ်တဲ့ဝန်ဆောင်မှုတွေကို ပေးအပ်ရမှာဖြစ်ပါတယ်။ နိုင်ငံတကာက လာဖွင့်ဖွင့်၊ ပြည်တွင်းကဖွင့်ဖွင့် ခန့်အပ်ရမှာက ကိုယ့်ဆီက လုပ်သားတွေဖြစ်ပါတယ်။ ဟိုတယ်/ခရီးကနေ လိုအပ်တဲ့ သင်တန်းအမျိုးမျိုးကိုပေးနေပြီး ပြင်ပသင်တန်းကျောင်းတွေကလည်း မွေးထုတ်ပေးနေတာပါ။ လက်ရှိမှာလည်း အလုပ်အကိုင်က တစ်လကို တစ်ရာနီးပါး ကျွန်တော်တို့ Industry မှာ လိုအပ်နေပါတယ်။ အရည်အချင်းပြည့်ဝတဲ့ ဝန်ထမ်းတွေဖြစ်ဖို့တော့ လိုအပ်ပြီး နိုင်ငံတကာမှာရော ပြည်တွင်းမှာပါ အလုပ်အကိုင်အခွင့်အလမ်း အများဆုံးကဏ္ဍ တစ်ခုဖြစ်တာကြောင့် လူငယ်တွေ ပူးပေါင်းပါဝင်စေချင်ပါတယ်။ အာဆီယံအတွင်းမှာတင် ကျွန်တော်တို့က CLMV ထဲမှာ ပါဝင်နေပါသေးတယ်။ သို့သော်လည်း အာဆီယံကျွမ်းကျင်မှုစံနှုန်းသတ်မှတ်ချက်ကို တိကျစွာ လိုက်နာပြီး ကျွန်တော်တို့ဆီက လူ့စွမ်းအားအရင်းအမြစ်သင်တန်းတွေ ဟိုတယ်ပိုင်းရော၊ ဝန်ဆောင်မှုအပိုင်းရော၊ ဧည့်လမ်းညွှန်အပိုင်းတွေမှာပါ အာဆီယံကျွမ်းကျင်မှု စံနှုန်းအတိုင်း သင်ကြားပေးနေတဲ့အတွက် ဟိုတယ်/ခရီး ကဏ္ဍအတွင်းမှာ အသက်မွေးဝမ်းကျောင်းပြုမယ့် ကလေးတွေ အားလုံးအတွက် အဆင်ပြေတဲ့ အသက်မွေးဝမ်းကျောင်းဘာသာရပ်တွေဖြစ်ပါတယ်။

ပြန်လည်ဖြေကြားပေးပါသော ပြည်ထောင်စုဝန်ကြီးအား အထူးပဲကျေးဇူးတင်ရှိပါတယ်။ **(မြန်မာ့အလင်း)**

### နိုင်ငံတကာသတင်း

## အိန္ဒိယကမ်းရိုးတန်းသို့ မုန်တိုင်းချဉ်းကပ်လာခြင်းကြောင့် ပြည်သူ ၁၀၀၀၀၀ ခန့် ဘေးကင်းရာသို့ စွန့်ခွာ

**ပူဒီမာဒါကာ အောက်တိုဘာ ၁၁**

"ဟွဒ်ဟွဒ်"အမည်ရှိ ဆိုင်ကလုန်းမုန်တိုင်းက အိန္ဒိယအရှေ့ဘက် ကမ်းရိုးတန်းဒေသသို့ ဝင်ရောက်ချဉ်းကပ်လာပြီး အောက်တိုဘာ ၁၂ရက် နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသသို့ တိုက်ခတ်မည်ဟု ခန့်မှန်းထားသောကြောင့် ဒေသခံပြည်သူ ၁၀၀၀၀၀ ခန့်မှာ ဘေးကင်းရာသို့ စွန့်ခွာခဲ့ကြသည်။

တစ်နာရီလျှင် ၁၆၅ ကီလိုမီတာ နှုန်းဖြင့် တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းထားသောအလွန်ပြင်းထန်သည့် ယင်းမုန်တိုင်းတိုက်ခတ်စဉ်တွင် မိုးရေချိန် ၁၀ လက်မကျော် ရွာသွန်းနိုင်ကြောင်း အိန္ဒိယမိုးလေဝသဌာနက ကြေညာသည်။

အင်ဒရာပရာဒေ့ရှ် ပြည်နယ်ရှိ ပြည်သူ ၁၀၀၀၀၀ ခန့်ကို ဘေးကင်းရာအရပ်သို့ စွန့်ခွာစေခဲ့ပြီးဖြစ်ကြောင်း၊ အလားတူပင် ဩရိဿပြည်နယ်ရှိ မြေနိမ့်ပိုင်းဒေသများမှ ပြည်သူ ၁၀၀၀၀ ခန့်ကိုလည်း ဘေးကင်းရာအရပ်သို့ စွန့်ခွာစေခဲ့ပြီး ကျန် ၁၄၀၀၀ ကျော်မှာ စွန့်ခွာရန် ယခုပြင်ဆင်လျက်ရှိကြကြောင်း အာဏာပိုင်များက ပြောကြားသည်။ **(ရိုက်တာ)**

## အလယ်ဘိုတဲ၌ လက်နက်ကိုင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်၍ လေးဦးသေ၊ ၁၀ ဦးဒဏ်ရာရ



**ကော့ကရိတ် အောက်တိုဘာ ၁၁**

အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲခန့်က မြဝတီမှကော့ကရိတ်သို့ ထွက်ခွာလာသော ခရီးသည်ယာဉ်တန်းများ အလယ်ဘိုတဲစခန်းတွင် ရပ်နားနေစဉ် လက်နက်ကိုင်များက လက်နက်ကြီးဖြင့် ပစ်ခတ်သဖြင့် ဈေးသည်နှင့် ခရီးသည် ၁၀ဦး ထိခိုက်ဒဏ်ရာရရှိပြီး လေးဦးသေဆုံးခဲ့သည်။

ထိခိုက်ဒဏ်ရာရသူများအနက် အလယ်ဘိုတဲကျောင်းဆရာတော် ဦးစန္ဒိမာ၏ ခြေထောက်ကို လက်နက်ကြီးထိမှန်ပြီး မြဝတီခရိုင်ပြည်သူ့ဆေးရုံသို့ တင်ပို့ခဲ့ရသည်။ အခင်းဖြစ်နေရာတွင် ခရီးသည်သုံးဦးသေဆုံးပြီး ဒဏ်ရာရလူနာ ၁၀ ဦးကို ကော့ကရိတ်ခရိုင်ပြည်သူ့ဆေးရုံသို့ တင်ပို့ရာ(ဓာတ်ပုံ) ရန်ကုန်တိုင်းဒေသကြီး တောင်ဒဂုံမြို့နယ် အမှတ်-(၇၀)ရပ်ကွက်နေ ကိုမြင့်သိန်း (၄၂ နှစ်)သည် ဆေးရုံအရောက်တွင် သေဆုံးခဲ့သည်။ ဆေးရုံရောက်လူနာများကို ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ခိုင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်စိုး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်လင်းဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဌေးနှင့်အဖွဲ့က ခေါင်းအုံး၊ စောင်၊ ဖျာ၊ အဝတ်အထည်များနှင့် ငွေကျပ် ငါးသောင်းစီ ထောက်ပံ့ပေးအပ်ခဲ့ပြီး ကော့ကရိတ် ကရုဏာဖောင်ဒေးရှင်းနှင့် လူမှုရေးအသင်းအဖွဲ့များက ကားများဖြင့် လူနာများနှင့် ရုပ်အလောင်းများကို ကူညီသယ်ဆောင်ပေးခဲ့သည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**
**ဓာတ်ပုံ-ခင်မျိုးအေး(ကော့ကရိတ်)**

# ပြည်သူ့ဗဟိုပြုဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများအောင်မြင်ရေးနှင့် အကောင်အထည်ဖော်မှုထိရောက်မှန်ကန်ရေး ရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၁၁**

အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဝက်သိုက်ကျေးရွာ ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ စလင်းမြို့နယ် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စီမံကိန်းဦးစီးမှူးများ၊ ဌာနဆိုင်ရာများ၊ ပတ်ဝန်းကျင် ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဝက်သိုက်ကျေးရွာနှင့် တဲကုန်းကျေးရွာ လျှပ်စစ်မီးရရှိရေးအတွက် နိုင်ငံတော်၏ ပံ့ပိုးဆောင်ရွက်ပေးမှုနှင့် ကျေးရွာများမှ ထည့်ဝင်ငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တပ်ဆင်ထားမှုကို ကြည့်ရှုသည်။

ပြည်ထောင်စု ဝန်ကြီးသည် ညနေ ၅ နာရီတွင် စလင်းမြို့ မဟာဝိသုတာရာမတိုက်သစ်တွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ စလင်းမြို့နယ် စီမံခန့်ခွဲရေးကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စီမံကိန်းဦးစီးမှူးများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးနှင့်မိသားစုသည် ရပ်မိရပ်ဖများနှင့်အတူ အောက်တိုဘာ ၁၁ ရက် နံနက် ၄ နာရီခွဲတွင် စလင်းမြို့ပေါ်ရှိ သံဃာအပါး ၄၀၀ အား အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း မင်းဘူး-စလင်းလမ်း၊ စလင်း-ကံပြား- စေတုတ္တရာလမ်း ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ထားမှု၊ တံတားကြွခိုင်မှု အခြေအနေများ၊ လမ်းဘေးဝန်းကျင်ရှိ မိုးစပါးစိုက်ပျိုးထားရှိမှုများ၊ စလင်းမြို့တွင်း ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရွှေလင်ပန်းစက်မှုဇုန် ကားပစ္စည်းစက်ရုံ အလုပ်သမားများ အလုပ်ရှင်နှင့် စေ့စပ်ညှိနှိုင်းမှုပြုလုပ်

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန် မောင်ကျဉ်သီးလမ်းတွင်ရှိသော ကားပစ္စည်းစက်ရုံတွင် အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက အလုပ်သမားများ၏ လိုအပ်ချက်ကို စက်ရုံတာဝန်ရှိသူတို့နှင့် စေ့စပ်ညှိနှိုင်းခဲ့ကြောင်း သိရသည်။

အဆိုပါ ဂျပန်ကားပစ္စည်းစက်ရုံသည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်နေ့တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အလုပ်သမား ၆၀ ကျော်၌ အမျိုးသား သုံးဦးသာရှိကာ အလုပ်သမားတို့ လိုအပ်ချက်ဖြစ်သော မူလခံစားခွင့် ကျပ် ၄၂၅၀၀ တွင် ကျပ် ၁၀၀၀၀ ကို အခြေခံလစာအဖြစ် တိုးပေးရန်၊ အချိန်ပိုဆင်းပါက ကားစီစဉ်ပေးရန်၊ တစ်ရက်ပျက်ပါက တစ်ရက် Day ကြေးသာဖြတ်ရန်၊ ကျွမ်းကျင် အလုပ်သမားအတွက် အလုပ်တစ်မျိုးတည်းကိုသာ တာဝန်ပေး၍ ကျွမ်းကျင်ကြေးပေးရန်၊ ခွင့်ရက် အလုပ်ပိတ်ရက်တို့ကို ဥပဒေအတိုင်း ခံစားခွင့်ပေးရန်၊ စက်ရုံစည်းကမ်းကို အလုပ်သမားကိုယ်စားလှယ်နှင့်ညှိနှိုင်း၍ အလုပ်သမားများ သိရှိအောင် ဆောင်ရွက်ပေးရန်၊ ရက်မှန်ကြေးပေးရာတွင် ရှေ့လ၊ နောက်လခွဲပေးရန်တို့ကို အလုပ်သမားကိုယ်စားလှယ်များနှင့် စေ့စပ်ညှိနှိုင်းခဲ့ကြသည်။



အဆိုပါ ကားပစ္စည်းစက်ရုံတွင် တစ်နာရီအချိန်ပိုကြေး ကျပ် ၅၂၀ ရရှိကြောင်း၊ တစ်လလျှင် အချိန်ပိုအပါအဝင် လစာရှစ်သောင်းကျော်သာရရှိသောကြောင့် စားစရိတ် ကျပ်သုံးသောင်း၊ အဆောင်ခ ကျပ်နှစ်သောင်းနှင့် အမျိုးသမီးအသုံးစရိတ် ကျပ်နှစ်သောင်းရှိသောကြောင့် သာရေး၊ နာရေး ကုန်ကျငွေဖြင့် ရရှိသောလစာမလောက်င၍ အခြေခံလစာကို ကျပ်တစ်သောင်းတိုးတောင်းခြင်းဖြစ်ကြောင်း၊ စက်ရုံပြင်ပတွင်ထိုင်၍ စေ့စပ်ညှိနှိုင်းပွဲကို စောင့်မျှော်နေသော အလုပ်သမားများက ပြောကြားခဲ့ပြီး စက်ရုံမန်နေဂျာမှာ မအားကြောင်း အစောင့်လုံခြုံရေးတစ်ဦးက ပြောကြားသည်။

**သန်းထိုက်(လှိုင်သာယာ)**

# အာရှ ယူ-၁၉ ချန်ပီယံရှစ် ဘောလုံးပွဲ ဂျပန် နိုင်ပွဲပြန်ရပြီး တရုတ်နှင့် တောင်ကိုရီးယား သရေကျ

**သတင်းနှင့်ဓာတ်ပုံ -ကိုကိုစိုးညွန့်**

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာရှယူ-၁၉ ချန်ပီယံရှစ် ၂၀၁၄ ဘောလုံးပြိုင်ပွဲ အုပ်စု(ဂ) ပွဲစဉ်များကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ဂျပန်နိုင်ပွဲပြန်ရခဲ့ပြီး တရုတ်နှင့် တောင်ကိုရီးယားအသင်းတို့ သရေကျခဲ့သည်။

ပထမပွဲတွင် ဂျပန်က ဗီယက်နမ်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသည်။



ဗီယက်နမ်လူငယ်ကစားသမား ဂျပန်ဘက်သို့ ထိုးဖောက်ကစားစဉ်။

ဂျပန်အသင်းမှာ မထင်မှတ်ဘဲ ပွဲဦးထွက် ရှုံးနိမ့်ထား၍ ယခုပွဲအနိုင်ရရန် ဂရုစိုက်ကစားခဲ့သည်။ ပြိုင်ဘက်မှာ အသင်းငယ်ဖြစ်သော်လည်း အနိုင်ရရန် မလွယ်ကူခဲ့ပေ။ ပထမပိုင်းတွင် ဂိုးကံခေကာ ၅၉ မိနစ်တွင် အိုကူဂါဝါက ဦးဆောင်ဂိုး သွင်းခဲ့သည်။ မိနစ် ၉၀ တွင် ချေပဂိုးပေးလိုက်ရပြီး စိတ်ဓာတ်မကျဘဲ ကြိုးစားခဲ့ရာ နောက်ဆုံးအချိန်ပိုမိနစ်တွင် နှစ်ဂိုးသွင်းကာ အနိုင်ရခဲ့သည်။ နိုင်ပွဲပြန်လည်ရရှိသဖြင့် ဂျပန်အသင်း နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက် ရှိလာခဲ့သည်။ ဗီယက်နမ်အသင်းမှာ အသင်းကြီးများနှင့် အုပ်စုကျပြီး ဆက်လက်ရှုံးနိမ့်ခဲ့သဖြင့် အုပ်စုအဆင့်နဲ့သာ ကျေနပ်ခဲ့ရသည်။ ဗီယက်နမ်အသင်းသည် ယခုပွဲတွင် အကောင်းဆုံး ကစားသွားနိုင်ခဲ့ပြီး ဂျပန်အသင်းကို အခက်တွေ့စေခဲ့သည်။ ဂျပန်အသင်းက တစ်ပွဲနိုင် တစ်ပွဲရှုံး သုံးမှတ်၊ ဗီယက်နမ်အသင်းက နှစ်ပွဲစလုံးရှုံးနိမ့်ကာ အမှတ်မရသေးဘဲ နောက်တစ်ဆင့်မတက်နိုင်တော့ပေ။

ဒုတိယပွဲတွင်တရုတ်နှင့် တောင်ကိုရီးယား ဂိုးမရှိသရေပွဲ ဖြစ်ခဲ့သည်။

လက်ရှိ ချန်ပီယံတောင်ကိုရီးယားအသင်းမှာ ဂိုးမသွင်းနိုင်ဘဲ သရေနှင့်သာ ကျေနပ်ခဲ့ရပြီး နိုင်ပွဲပျောက်ခဲ့သည်။ တောင်ကိုရီးယားတိုက်စစ်မှူးများ တစ်ဖက်ခံစစ်ကို မကျော်လွှားနိုင်ဘဲ တစ်မှတ်သာရရှိခဲ့သည်။ နှစ်သင်းစလုံး နိုင်ပွဲကိုယ်စီရထားပြီး ယခုပွဲနိုင်လျှင် နောက်တစ်ဆင့်တက်ရန် သေချာသဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ တောင်ကိုရီးယားအသင်းမှာယခုပွဲ သရေကျခဲ့သဖြင့် နောက်တစ်ဆင့်တက်ရန် ရုန်းကန်ရဦးမည်ဖြစ်သည်။ တရုတ်အသင်းမှာ ဆက်လက်နိုင်ပွဲရရန် ကြိုးစားခဲ့သော်လည်း အဆုံးသတ်အားနည်းမှုကြောင့် သရေသာရခဲ့သည်။ ခံစစ်ကို အဓိကထား၍ တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သည်။ သရေကျခဲ့သော်လည်း နောက်တစ်ပွဲမှာ ဗီယက်နမ်အသင်းနှင့် ကစားရမည်ဖြစ်၍ ကွာတားဖိုင်နယ်တက်ရန် သေချာသလောက်ဖြစ်သည်။ တောင်ကိုရီးယားအသင်းနှင့် တရုတ်အသင်းတို့ တစ်ပွဲနိုင် တစ်ပွဲသရေ လေးမှတ်စီ ရရှိနေသည်။

**ဝဏ္ဏသိဒ္ဓိကွင်း**
**(ပထမပွဲ) ၃း၃၀**
**အိုမန်နှင့် မြောက်ကိုရီးယား**
**(ဒုတိယပွဲ) ၆း၃၀**
**ကာတာနှင့် အီရတ်**


## သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် ခရီးသည်တင်ယာဉ်များ (ဘတ်စ်ယာဉ်များ)သည် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်း၏ယာဘက်အစွန်ယာဉ်ကြောမှသာ မောင်းနှင်သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

**ရန်ကုန်တိုင်းဒေသကြီး**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**


# အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်

**မန္တလေး အောက်တိုဘာ ၁၁**

မန္တလေးမဟာအောင်မြေမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး(မွမ်းမံ) သင်တန်းအမှတ်စဉ် (၃/၂၀၁၄)ဖွင့်ပွဲအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၇ ရက် နံနက် ၈ နာရီက ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးက အမှာစကားပြောကြားကာ မြို့နယ်မီးသတ်ဦးစီးမှူးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ သင်တန်းကာလမှာ ရက်သတ္တ လေးပတ်ကြာမြင့်မည်ဖြစ်သည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ပြည်တွင်းသတင်း

အပြည်ပြည်ဆိုင်ရာသဘာဝဘေးလျော့ပါးရေးနေ့
**International Day for Disaster Reduction**
**သဘာဝဘေးဒဏ်ခုခံဖို့**
**သက်ကြီးများနှင့်လက်တွဲစို့**
**"Resilience is for Life"**
**၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့**

◆ *ကျောဖုံးမှ*

မြန်မာအသင်းမှာ ယီမင်နှင့်ပွဲတွင် ကစားခဲ့သည့်ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး အောင်သူကို ဘယ်တောင်ပံ၊ သန်းပိုင်ကို တိုက်စစ်အထောင်တွင်ထားပြီး ငြိမ်းချမ်းအောင်ကနောက်ချန်တိုက်စစ်အဖြစ် ကစားခဲ့သည်။ မြန်မာအသင်းတိုက်စစ်မှာ ထိုင်းအသင်းကို ဖိအားပေးနိုင်ခဲ့သည်။ ကွင်းလုံးပြည့်နီးပါး မြန်မာဘောလုံးချစ်ပရိသတ်တို့၏တစ်ခဲနက်အားပေးမှုနှင့်အတူ မြန်မာအသင်းမှာ မြိုင်ဆိုင်သည့်ကစားကွက်၊ ထိရောက်သည့်တိုက်စစ်တွဲလုံးတို့ဖြင့် ပွဲစကတည်းက ထိုင်းအသင်းကို ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲအစ ၁၃ မိနစ်မှာပင် ငြိမ်းချမ်းအောင်၏ အဖွင့်ဂိုးစတင်ရရှိခဲ့သောကြောင့် မြန်မာအသင်း ယုံကြည်မှုပိုရှိကာ တရစပ်ဖိကစားနိုင်ခဲ့သည်။ 'ဂိုး'ဟူသော မြန်မာဘောလုံးပရိသတ်များ၏ အော်သံမှာ သုဝဏ္ဏကွင်းအတွင်း ဘဝင်ညံသွားခဲ့ပြီး ထိုင်းအသင်းကစားပုံတည်မရဖြစ်ကာ ပြိုဆင်းသွားခဲ့သည်။ မြန်မာအသင်းမှာ ဂိုးထပ်မံရရှိရေးအတွက် တရစပ်ဆက်လက်ဖိကစားခဲ့ပြီး ၁၈ မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် ငြိမ်းချမ်းအောင်က ဒုတိယဂိုး ထပ်မံသွင်းယူခဲ့သည်။

နေရာစုံမှ တိုက်စစ်ဆင်နေသည့် အိမ်ရှင်မြန်မာအသင်းတိုက်စစ်ကို ထိုင်းနောက်တန်း လုံးဝထိန်းချုပ်နိုင်ခြင်းမရှိတော့ဘဲ ၄၁ မိနစ် တွင် အောင်သူက တတိယအနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းမှာ အနိုင်ရလဒ်ကို ထိန်းကစားသွားခဲ့ပြီး ထိုင်းတိုက်စစ်ကို ဂိုးပြန်မပေးရအောင် ထိန်းချုပ်နိုင်ခဲ့သည်။ ထိုင်းအသင်း ချေပဂိုးရရှိနိုင်သည့်အခွင့်အရေးအချို့ပြန်ရခဲ့သော်လည်း မြန်မာဂိုးသမား မျိုးမင်းလတ်ကာကွယ်နိုင်ခဲ့ခြင်း၊ အဆုံးသတ်အားနည်းခြင်းတို့ကြောင့် ဂိုးမရခဲ့ပေ။ မြန်မာအသင်းမှာ ပထမပိုင်းတွင် ရရှိခဲ့သော အနိုင်ဂိုးသုံးဂိုးဖြင့် ထိုင်းကို အနိုင်ယူကာ မြန်မာဘောလုံးပရိသတ်များ ပျော်ရွှင်အောင်စွမ်းဆောင်နိုင်ခဲ့ပြီဖြစ်သည်။

ယနေ့ပွဲအပြီး၌ အုပ်စု(က)တွင် အိမ်ရှင်မြန်မာအသင်းနှင့် ယီမင်အသင်းတို့က လေးမှတ်စီ၊ ထိုင်းအသင်းက သုံးမှတ်ရရှိထားပြီး အီရန်အသင်းမှာ နှစ်ပွဲရှုံးဖြင့် အမှတ်မရသေးပေ။ မြန်မာအသင်းမှာ အုပ်စုနောက်ဆုံးပွဲအဖြစ် အောက်တိုဘာ ၁၃ ရက်တွင် အီရန်အသင်းနှင့် ကစားရမည်ဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသော ပထမပွဲတွင် ယီမင်အသင်းက အီရန်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။ ယီမင်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲအစခုနစ်မိနစ်တွင် သာရိုရီကသွင်းယူပေးခဲ့သည်။ နှစ်ပွဲဆက်ရှုံးနိမ့်ခဲ့သည့် အီရန်အသင်းမှာအုပ်စုမှထွက်ခဲ့ရပြီဖြစ်သည်။

ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပသောပွဲစဉ်များတွင် ဂျပန်အသင်းက ဗီယက်နမ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး တောင်ကိုရီးယားနှင့် တရုတ်အသင်းတို့ ဂိုးမရှိ သရေကျခဲ့သည်။

**ယနေ့ပွဲ**
**(သုဝဏ္ဏကွင်း)**

| | | | |
|---|---|---|---|
| ညနေ ၃ နာရီခွဲ | အင်ဒိုနီးရှား | - | ဩစတြေးလျ |
| ညနေ ၆ နာရီခွဲ | ယူအေအီး | | ဥဇဘက်ကစ္စတန် |

**(ဝဏ္ဏသိဒ္ဓိကွင်း)**

| | | | |
|---|---|---|---|
| ညနေ ၃ နာရီခွဲ | အိုမန် | - | မြောက်ကိုရီးယား |
| ညနေ ၆ နာရီခွဲ | ကာတာ | - | အီရတ် |

## ပြင်ဆင်ဖတ်ရှုပါရန်

၆-၁၀-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၉)ပါ "ကျောက်ကပ်ရောဂါမဖြစ်အောင် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်အနေအထိုင်များဖြစ်ရန်လို" ဆောင်းပါးကော်လံ(၃)ရှိ (အထူးသဖြင့် အစားအစာ၊ ဆေးဝါး၊ သစ်ဥ၊ သစ်ဖုတွေက ထုတ်တဲ့ တိုင်းရင်းဆေးတွေက အကုန်လုံးကျောက်ကပ်ကို ဒုက္ခပေးတတ်ပါတယ်။ သဘာဝက ထုတ်ထားတဲ့အတွက် ဘေးထွက်ဆိုးကျိုးမရှိဘူးလို့ ထင်တတ်ကြပါတယ်။ ဘာဆေးပဲဖြစ်ဖြစ် မသောက်တာ အကောင်းဆုံးပါပဲ) စာပိုဒ်အား-

(အစားအစာ၊ ဆေးဝါး(အနောက်တိုင်း)နဲ့ သစ်ဥသစ်ဖုတွေက ထုတ်ထားတဲ့ တိုင်းရင်းဆေး သုံးမျိုးစလုံးထဲက အချို့ဟာ ကျောက်ကပ်ကို ဒုက္ခပေးတတ်ပါတယ်။ ဆေးတိုင်းမှာ ဘေးထွက်ဆိုးကျိုးရှိပြီး သဘာဝကထုတ်တဲ့အတွက် ဘေးထွက်ဆိုးကျိုးမရှိဘူးလို့ ထင်တတ်ကြပါတယ်။ ဘာဆေးပဲဖြစ်ဖြစ် မလိုအပ်ရင် မသောက်တာအကောင်းဆုံးပါပဲ။) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ဒေါက်တာ ခင်မောင်ဌေး ပါမောက္ခဌာနမှူး**
**ဆီးနှင့် ကျောက်ကပ်ဆေးအထူးကုဌာန**

ပြည်တွင်းသတင်း

# ရန်ကုန်မြို့တော်စည်ပင် ကိုယ်စားလှယ်လောင်းများ အမည်စာရင်းစတင်တင်သွင်း

## အချိန်နှင့် ငွေကြေးအခက်အခဲများကြောင့် တစ်အိမ်ထောင်တစ်ဦးမဲပေးခွင့်ကို ပြန်လည်ပြင်ဆင်ရန် မရှိသေး

သတင်း-ခင်ရတနာ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)



**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအဆင့်ဆင့် ရွေးကောက်တင်မြှောက်ခြင်းလုပ်ငန်းများကို ဒီဇင်ဘာ ၂၇ရက်တွင် ရန်ကုန်မြို့တော်ကော်မရှင်၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဆင့်သုံးဆင့်စလုံးမှ ဦးဆောင်ကာ တစ်ပြိုင်တည်း ရွေးချယ်ပေးမည်ဖြစ်ပြီး လက်ရှိတွင် ကိုယ်စားလှယ်လောင်းအဖြစ် မှတ်ပုံတင်သွင်းသူ ၁၅ ဦးခန့် ရှိနေပြီဖြစ်ကြောင်း အောက်တိုဘာ ၁၀ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပသည့် စာနယ်ဇင်းရှင်းလင်းပွဲမှ သိရသည်။

ဒီဇင်ဘာ ၂၇ ရက်တွင် ကော်မတီဝင်လောင်းများကို အိမ်ထောင်စုတစ်စုလျှင် တစ်မဲနှုန်းဖြင့် မဲပေးရွေးချယ်ပေးကြပြီး မြို့နယ်အလိုက် ကော်မတီဝင်ငါးဦး၊ ခရိုင်အလိုက် ကော်မတီဝင်ငါးဦးနှင့် ဗဟိုမြို့တော်ကော်မတီဝင်ငါးဦးပါဝင်သည့် ကော်မတီဝင်များအား ခန့်အပ်ဖွဲ့စည်းသွားမည်ဖြစ်သည်။

ရွေးကောက် တင်မြှောက်ခြင်းကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ငွေကျပ်သိန်း ၅၀၀၀ ခန့် အသုံးပြုသွားရန် ရန်ကုန်မြို့တော် ကော်မရှင်အဖွဲ့က လျာထားပြီး အဆင့်ဆင့်ကော်မရှင်အဖွဲ့များကို ဖွဲ့စည်းထားပြီးဖြစ်သည်ဟု သိရသည်။ "အချိန်ကာလအရ၊ သုံးစွဲရမယ့် ငွေကြေးကုန်ကျမှုအရ ၁၈ နှစ်အောက်ပြည့်ပြီးသူတိုင်းကို မဲပေးဖို့အတွက် အခက်အခဲရှိပါတယ်။ ဒါ့အပြင် စည်ပင်သာယာရေးကော်မတီဆိုတာ ပြည်သူကို ဝန်ဆောင်မှုပေးနေတာဖြစ်ပြီး ပြည်သူကလည်း ကျွန်တော်တို့ကို စည်ပင်ခွန်တွေပေးဆောင်ပါတယ်။ အဲဒီလို ကောက်ခံရာမှာ လူတစ်ဦးချင်းစီကို ကောက်ခံတာမျိုး မဟုတ်ဘဲ ရေခွန်၊ မီးခွန်၊ အမှိုက်ခွန် စသည်ဖြင့် အိမ်ထောင်စုတစ်ခုချင်းစီအလိုက် ကောက်ခံရတာဖြစ်ပါတယ်။ လူတိုင်းမဲပေးခွင့်ရှိရင် ပိုမိုကောင်းမွန်နိုင်ပေမယ့် အခြေအနေအရပ်ရပ်ကြောင့် တစ်အိမ်ထောင် တစ်ယောက်မဲပေးခွင့်နဲ့ ဆောင်ရွက်ရခြင်းဖြစ်ပါတယ်"ဟု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက ပြောကြားသည်။

ကော်မတီ အဆင့်ဆင့်များ၌ မြို့နယ်အဆင့်တွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်အုပ်ချုပ်ရေးမှူး နှစ်ဦးစီ၊ ခရိုင်အဆင့်တွင်လည်း ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်စည်ပင်အုပ်ချုပ်ရေးမှူး နှစ်ဦးစီတို့ပါဝင်မည်ဖြစ်ပြီး မြို့နယ်၊ ခရိုင်အလိုက် ကြည်ညိုလေးစားခြင်းခံရသူများထဲမှ ကိုယ်စားလှယ်တစ်ဦး၊ အတတ်ပညာရှင်၊ အသိပညာရှင်များထဲမှ ကိုယ်စားလှယ်တစ်ဦးနှင့် လူမှုရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တစ်ဦးစီ စုစုပေါင်း ၁၁၂ ဦးတို့ကို ရွေးချယ်ပေးကြရမည်ဖြစ်သည်။

ကိုယ်စားလှယ် လောင်းအဖြစ် မှတ်ပုံတင်သွင်းခြင်းကို အောက်တိုဘာ ၆ ရက်မှ ၁၉ ရက်အတွင်း ရွေးကောက်ပွဲကော်မရှင်သို့ လာရောက်မှတ်ပုံတင်သွင်းရမည် ဖြစ်ပြီး ခရိုင်လေးခရိုင်နှင့် မြို့နယ်ပေါင်း ၃၂ မြို့နယ်မှ ကိုယ်စားလှယ်လောင်းများ မှတ်ပုံတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကိုယ်စားလှယ်လောင်းအဖြစ်ရွေးကောက်တင်မြှောက်ရာတွင် မြန်မာနိုင်ငံသားဖြစ်ပြီး ဗဟိုကော်မတီဝင်မှာ အသက် ၄၅ နှစ်မှ ၆၅ နှစ်အကြား၊ ခရိုင်နှင့် မြို့နယ်ကော်မတီဝင်များမှာ အသက် ၃၅ နှစ်မှ ၅၅ နှစ်အကြား အဆိုပါဒေသအတွင်း အနည်းဆုံး တစ်ဆက်တည်း ၁၀ နှစ်နေထိုင်သူဖြစ်ကာ အငြိမ်းစားဝန်ထမ်းဖြစ်ပါက နေထိုင်သည့်ကာလကို လျှော့ပေါ့စဉ်းစားမည်ဖြစ်သည်။ ထို့အပြင် မြို့ပြဖွံ့ဖြိုးမှု စီမံကိန်းအကောင်အထည်ဖော်မှုများကို သိနားလည်ရမည်ဖြစ်သည်။

ကိုယ်စားလှယ်လောင်းများအနေဖြင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အဆင့်ဆင့်ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ အခန်း ၁၃ အရ ထောင်ဒဏ်ကျခံနေရသူ၊ စိတ်ပေါ့သွပ်သူ၊ လူမွဲစာရင်းကြေညာခံရသူ၊ နိုင်ငံခြားအစိုးရ လက်အောက်ခံ သို့မဟုတ် ကျေးဇူးခံစားနေသူ၊ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရအပါအဝင်အဖွဲ့အစည်းတစ်ခုခုမှ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သောနည်းလမ်းဖြင့် ခံစားခွင့်ရယူသုံးစွဲနေသူ၊ သာသနာ့ဝန်ထမ်း၊ နိုင်ငံ့ဝန်ထမ်း၊ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခံရသူ၊ အမည်ပျက်စာရင်းတင်သွင်းခံရသူ၊ အကျင့်သိက္ခာပျက်ပြားသူ၊ ကိုယ်ရေးအချက်အလက်များ မမှန်မကန်တင်ပြသူများ မဖြစ်ရန် လိုအပ်ကြောင်း သိရသည်။

"ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်းမှာ မဲပေးခွင့်ရှိတဲ့ အိမ်ထောင်စု လေးသောင်းကျော်ရှိပါတယ်။ စနစ်တကျနဲ့ လျှို့ဝှက်မဲပေးစနစ်ကို ကျင့်သုံးသွားမှာဖြစ်ပါတယ်။ မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ကိုယ်စားလှယ်လောင်းအဖြစ် မှတ်ပုံတင်ကြေးငွေကျပ်သုံးသိန်း၊ ခရိုင်အဆင့်ကိုယ်စားလှယ်လောင်းက ငွေကျပ်နှစ်သိန်းနဲ့ မြို့နယ်အဆင့်က မှတ်ပုံတင်ကြေးငွေကျပ်တစ်သိန်းနှုန်း ကော်မရှင်ကို တင်သွင်းထားကြရမှာဖြစ်ပြီး အပယ်ခံရသူတွေကို မှတ်ပုံတင်ကြေးပြန်လည်ထုတ်ပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ရွေးကောက်ပွဲကိုရွှေ့ဆိုင်းမယ်ဆိုရင် ရွှေ့ဆိုင်းလို့ရပါတယ်။ သို့သော် ရန်ကုန်မြို့တော်ကို နိုင်ငံတကာအဆင့်မီတဲ့ မြို့တော်ဖြစ်ပေါ်လာဖို့နဲ့ သန့်ရှင်းသော စည်ပင်သာယာကော်မတီဝင်တွေ ထွက်ပေါ်လာဖို့အတွက် ကြိုးပမ်းကြတာပါ။ အတွေ့အကြုံမရှိတဲ့အတွက် အခက်အခဲတွေရှိနိုင်ပေမယ့် အတတ်နိုင်ဆုံး အမှားအယွင်းကင်းအောင်နဲ့ စနစ်တကျမှန်ကန်တဲ့ အခြေအနေဖြစ်လာအောင် ကြိုးပမ်းနေပါတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးကျော်စိုးက ပြောကြားသည်။

မကြာမီရွေးကောက်တင်မြှောက်ခန့်အပ်သွားမည့် ကော်မတီဝင်များ၏ သက်တမ်းသည် အစိုးရသက်တမ်းအတိုင်းဖြစ်ပြီး ခံစားခွင့်များနှင့် လုပ်ခလစာမှာ မြို့နယ်အဆင့်ကော်မတီဝင်တစ်ဦး၏ လစာသည် မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး လစာထက်မနည်းကြောင်း သိရသည်။

ကော်မတီဝင်အဆင့်ဆင့်၏ လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးဆိုင်ရာ ဥပဒေအရ တာဝန်များအား ထမ်းဆောင်ရန်၊ မြို့တော်ဝန်က ပေးအပ်သည့်တာဝန်များကို ထမ်းဆောင်ရန်၊ ပြည်သူများအတွက် စည်ပင်သာယာကိစ္စရပ်များအား လျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းအောင်မြင်ရေးအတွက် စီမံကိန်းရေးဆွဲခြင်းနှင့် အုပ်ချုပ်ရေးဆိုင်ရာများ ဆောင်ရွက်နိုင်ရန်နှင့် အကောင်အထည်ဖော်ပေးရန်၊ တည်ဆဲဥပဒေများနှင့်အညီ ကြီးကြပ်ကွပ်ကဲ၍ ပြည်သူလူထုအသံများကို နားစွင့်ကာ လျင်မြန်ချောမွေ့အောင် ဖြေရှင်းနိုင်ရန်တို့ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)



# ပုသိမ်ကမ်းနား ရေပေါ်ဈေး ဖွင့်ပွဲကျင်းပ

**ပုသိမ် အောက်တိုဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကမ်းနားလမ်းတွင် ရေပေါ်ဈေးသစ်ဖွင့်ပွဲကို အောက်တိုဘာ ၉ ရက် ညနေ ၄ နာရီက အဆိုပါဈေးသစ်နေရာ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်ဝန်ကြီးများ၊ Japan နိုင်ငံဧည့်သည်တော်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်၊ ဌာနဆိုင်ရာများ မြို့မိမြို့ဖများ မြို့နယ်များမှ စည်ပင်သာယာရေးအမှုဆောင် အရာရှိများ၊ ဈေးသူ ဈေးသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်က အမှာစကားပြောကြားရာတွင် ယခုဈေးသစ်ကြီးကို ဖွင့်လှစ်ရခြင်းမှာ လမ်းဘေးဈေးသည်ပပျောက်ရေး၊ ဈေးသည်များ စနစ်တကျ ရောင်းဝယ်နိုင်ရေးနှင့် မြို့အင်္ဂါရပ်နှင့်ညီညွတ်ရေးတို့အတွက်ပင်ဖြစ်ကြောင်း၊ Japan နိုင်ငံမှ အကူအညီနှင့် နည်းပညာများကိုယူ၍ ပုသိမ်မြို့ကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ပြည်သူများက စည်းကမ်းတကျနှင့် ဝိုင်းဝန်းကူညီကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့မိမြို့ဖဦးစိုးက ကျေးဇူးတင်စကားပြောကြားပြီး ဈေးသစ်ကို စည်ပင်သာယာရေးဝန်ကြီး ဦးကျော်ဝင်းနိုင်၊ လွှတ်တော်ကိုယ်စားလှယ်ဦးအောင်ကျော်စိန်၊ ဒေါက်တာဒေါ်ခင်ခင်စီ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတင်အုန်းနှင့် မြို့မိမြို့ဖ ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ဈေးအတွင်းလှည့်လည်ကြည့်ရှုခဲ့သည်။

အဆိုပါ ဈေးသည် ပုသိမ်မြို့ ကမ်းနားလမ်းတွင် တည်ရှိပြီး စုစုပေါင်းဧရိယာမှာ ၁၃၉၆၁ စတုရန်းပေရှိကာ ဈေးရောင်းရန် (၈×၈)ပေ (၁၁၃) ကွက်ရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရက ငွေကျပ် ၂၂၁၂ သိန်းနှင့် ပုသိမ်မြို့နယ်စည်ပင်သာယာရေးမှငွေကျပ် ၁၀၅၉ သိန်း၊ စုစုပေါင်းငွေကျပ်၃၂၇၁ သိန်း အကုန်အကျခံကာတည်ဆောက်ခဲ့ပြီး လုပ်ငန်းမှာ ဩဂုတ် ၁၄ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ကြာမြင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

# လားရှိုးအကျဉ်းထောင်မှ လွတ်မြောက်သူ တရုတ်နိုင်ငံသား ၄၅ ဦးကို လွှဲပြောင်းပေးအပ်

**လားရှိုး အောက်တိုဘာ ၁၁**

နိုင်ငံတော်သမ္မတ၏ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ(က)နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သော လားရှိုးအကျဉ်းထောင်မှတရုတ်နိုင်ငံသား ၄၅ ဦးကို အောက်တိုဘာ ၈ ရက် ညနေ ၅ နာရီက မြန်မာ-တရုတ်နယ်စပ်နန်းတော်ဂိတ်တွင် တရုတ်နိုင်ငံကာကွယ်ရေးစစ်ဆေးရေးဌာနသို့ လွှဲပြောင်းပေးလိုက်ကြောင်း သိရသည်။

တရုတ်နိုင်ငံ ရွှေလီနယ်စပ်ကာကွယ်စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် Mr.Hiang Xing က လွှဲပြောင်းလက်ခံယူခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) လူဝင်မှုကြီးကြပ်ရေး နှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွဲဖက်ပြည်နယ်ဦးစီးမှူးရုံးအစီအစဉ်ဖြင့် အဆိုပါလွတ်မြောက်လာသူတရုတ်နိုင်ငံသားများကို ပြန်လည်အပ်နှံပေးလိုက်ခြင်းဖြစ်ကြောင်း ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်ထံမှ သိရသည်။

(၁၇၇)


**သီလရှင်ဝတ်စုံ၊ အရုဏ်ဆွမ်း၊ နဝကမ္မလောင်းလှူပွဲ**

**ဖိတ်ကြားလွှာ**

HERBAL Natural Ingredients Beauty Series, SU PAN OO CO.,LTD. မိသားစုမှ မင်းကွန်းဣတ္ထိသာသရကျောင်း၊ မြောက်စလင်းတိုက် ဓမ္မဝိဟာရီကျောင်း၊ စစ်ကိုင်းကျောင်းတိုက်မှ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး၊ ဆရာလေး ၃၃၈ပါးအား ဝတ်စုံ၊ အရုဏ်ဆွမ်း၊ နဝကမ္မလောင်းလှူပွဲအား ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ စုပေါင်းပါဝင်လှူဒါန်းထားပါသော အလှူရှင်များနှင့် အခြားလှူဖွယ်ပစ္စည်းများကို ထပ်မံလှူဒါန်းချင်သော အလှူရှင်များအား ကုသိုလ်ပါဝင်လှူဒါန်းနိုင်ရန်နှင့် ကြည်ညိုသဒ္ဓါပွားများ၍ သာဓုအနုမောဒနာခေါ်ဆိုနိုင်စေရန် နိဗ္ဗာန်အကျိုးမျှော်၍ ဖိတ်ကြားအပ်ပါသည်။


**နေ့ရက်** - ၁၃-၁၀-၂၀၁၄ရက် (သီတင်းကျွတ်လပြည့်ကျော် ၅ရက်)

**အချိန်** - နံနက် ၆း၀၀နာရီတွင် စတင်လောင်းလှူပါမည်။

**နေရာ** - အမှတ် ၂၈၉၊ လမ်း ၈၀၊ ၃၄×၃၅လမ်းကြား၊ ဆုပန်ဦးအလှကုန်၊

LADY Fashion, Childhood ကလေးအဝတ်အထည်






ပျောက်ဆုံးကြောင်း



ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# မြေငှားရမ်းသုံးစွဲခွင့်ရရှိရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၁**
စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်အား အီတလီနိုင်ငံ Danieli Co., Ltd မှ Vice President ဖြစ်သူ Mr. Lavaroni Giancarlo နှင့်အဖွဲ့သည် အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီတွင် ဝန်ကြီးရုံး၌ လာရောက် တွေ့ဆုံခဲ့ပြီး အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ) စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများ၊ စီမံကိန်း Phase-1 ကို FAC ပေးနိုင်ရေးအတွက် စက်စမ်းသပ်လည်ပတ်ခဲ့မှု အခြေအနေများ၊ Technical Assistant ပေးမည့်အခြေအနေများ၊ စီမံကိန်းအလိုက်ငွေပေးချေမှုအစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

အလားတူ မွန်းတည့် ၁၂ နာရီတွင် ANDAMAN Capital Partners မှ Managing Director ဖြစ်သူ Mr. Kevin M. Murphy နှင့်အဖွဲ့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၌ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေး စက်ရုံစီမံကိန်း (Solar IPP ) ကိုအကောင်အထည်ဖော် တည်ဆောက်ရန်အတွက် လိုအပ်လျက်ရှိသော စက်မှုဝန်ကြီးဌာန၏ အမှတ်(၃)အထည်ချုပ်စက်ရုံ (စစ်ကိုင်း) နယ်မြေဝန်းကျင်မှ မြေဧက ၃၁၇ ကို ငှားရမ်းသုံးစွဲခွင့်ရရှိရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကံ့ကော်တစ်ထောင်တွင် ဆေးဝါးအခမဲ့ကုသပေး



**ဖျာပုံ အောက်တိုဘာ ၁၁**
ဖျာပုံခရိုင် တိုင်းရင်းဆေးကုဌာနနှင့် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းခွဲ(ဖျာပုံ)တို့ ပူးပေါင်း၍ ကံ့ကော်တစ်ထောင် ဆရာတော်၏ စိန်ရတုအကြို(၇၄)နှစ်ပြည့် ဝိဇာတမင်္ဂလာအလှူအဖြစ် လူနာများအား အခမဲ့ဆေးဝါးကုသခြင်း အစီအစဉ်ကို အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ပေချောင်းကြီးကျေးရွာ ကံ့ကော်တစ်ထောင် သာသနအောင်မြေစခန်းတွင် လူနာများအား အခမဲ့ဆေးဝါးကုသပေးကြောင်း သိရသည်။

ဖျာပုံခရိုင် တိုင်းရင်းဆေးကုဌာန ခရိုင်တိုင်းရင်းဆေးမှူးဆရာမ ဒေါ်ရီရီလှနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းခွဲ (ဖျာပုံ)မှ ဆရာဦးကျော်ဇင်နှင့် ဆရာဦးငွေဝင်းတို့က လူနာပေါင်း ၂၀၀ ကျော်ကို အခမဲ့စမ်းသပ်ကုသပေးခဲ့ပြီး၊ ဆေးဝါးကုသမှု ကုန်ကျစရိတ်အားလုံးကို ကံ့ကော်တစ်ထောင် ဆရာတော်၏ ဝိဇာတမင်္ဂလာအလှူအဖြစ် ကွယ်လွန်သူ စာပေဗိမာန်စာမူဆုများရှင် သတင်းထောက် ဦးသောင်းညွှန့် (ဖျာပုံ)ကိုရည်စူး၍ ဖျာပုံမြို့နေ ညီဖြစ်သူ ဦးခင်မောင်ညွှန့်၊ ဒေါ်စန်းစန်းနွယ်မိသားစုက လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ဥတ္တရသီရိမြို့နယ်၌ (အခမဲ့)ကွင်းဆင်းဆေးကုသ

**နေပြည်တော် အောက်တိုဘာ ၁၁**
နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် မရမ်းခုံကျေးရွာရှိ လူမှုရေးအဖွဲ့ဝင် ဦးဟန်ရှိန် အိမ်ဝင်းတွင် အောက်တိုဘာ ၁၀ ရက် နံနက် ၁၀ နာရီက မြို့နယ်ကျန်းမာရေးဦးစီးဌာနက (အခမဲ့) ကွင်းဆင်းဆေးကုသပေးကြောင်း သိရသည်။



အဆိုပါ နယ်မြေကွင်းဆင်း (အခမဲ့) ဆေးကုသပေးခြင်းလုပ်ငန်းကို ဥတ္တရသီရိမြို့နယ် ခုတင် ၅၀ မှ မြို့နယ် ဆရာဝန်ကြီး ဒေါက်တာရှန်လျန်ထန်ကဦးစီး၍ လက်ထောက်ဆရာဝန်နှစ်ဦး၊ သူနာပြုဆရာမလေးဦး၊ သားဖွားဆရာမ လေးဦး၊ ကျန်းမာရေးမှူးနှင့် ကြက်ခြေနီများ စုစုပေါင်း ၂၂ ဦး လိုက်ပါလျက် မရမ်းခုံကျေးရွာရှိ ပြည်သူ ၁၇၂ ဦးကို အခမဲ့ကုသပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ အဆိုပါမြို့နယ်ကျန်းမာရေးဦးစီးဌာနသည် ဥတ္တရသီရိမြို့နယ်ရှိ ကျေးရွာများသို့ အလှည့်ကျနယ်မြေကွင်းဆင်း(အခမဲ့) ကုသပေးလျက်ရှိကြောင်းသိရသည်။

**(၄၀၆)**

မှုခင်းသတင်း

# အင်ဂျင်ဝိုင်အရောင်းကြော်ငြာယာဉ် တိမ်းမှောက်မှုဖြစ်ပွား

**ကောလင်း အောက်တိုဘာ ၁၁**
ကသာခရိုင် ကောလင်းမြို့နယ် ဒိုးပင်ကျေးရွာအနီး ရွှေဘို- မြစ်ကြီးနားကားလမ်းတွင် အင်ဂျင်ဝိုင်အရောင်းကြော်ငြာယာဉ် တိမ်းမှောက်မှုဖြစ်ပြီး အရောင်းဝန်ထမ်းနှစ်ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၉ ရက် ည ၇ နာရီခွဲက ဒိုးပင်ကျေးရွာအနီး ကားလမ်းမိုင်တိုင်အမှတ် ၁၀၆ အနီးတွင် အင်းတော်မှ မန္တလေးသို့ ယာဉ်မောင်းကျော်လင်းမောင်းနှင်လာသည့် ယာဉ်အမှတ် MDY AA/-----NISSAN ACLAN အမျိုးအစား အပြာနုရောင်ခြောက်ဘီးကား (လိုင်စင်စိစစ်ဆဲ) အင်ဂျင်ဝိုင်အရောင်းကြော်ငြာကားသည် ၁၀၆ မိုင် ဒိုးပင်တောင်အဆင်းတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ကြောင်း စစ်ဆေးသိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်၏ခေါင်းခန်းတွင် လိုက်ပါလာသူ အရောင်းဝန်ထမ်း မချမ်းမြေဝေ(၁၆ နှစ်) အောင်ပင်လယ်မြို့သစ် ချမ်းမြသာစည်မြို့နယ် မန္တလေးနှင့် မျိုးသက်ထွေး (၂၆ နှစ်) အရောင်းဝန်ထမ်း ကနီမြို့တို့တွင် ဒဏ်ရာများရရှိပြီး အခင်းဖြစ်ရာနေရာတွင် သေဆုံးခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ကျော်လင်း (၄၉ နှစ်) အောင်ပင်လယ်မြို့သစ် ချမ်းမြသာစည်မြို့နယ် မန္တလေးမြို့နေသူကို ကောလင်းမြို့မရဲစခန်းက အမှုဖွင့်အရေးယူခဲ့ပြီး ခန်သာရဲစခန်းမှူး ရဲအုပ်သန်းဇော်က စစ်ဆေးလျက်ရှိနေကြောင်း သိရသည်။

**ဦးရဲ(ကသာ)**

# ရန်ကုန်-နေပြည်တော် အမြန်လမ်းဘေး ပိုင်ရှင်မဲ့ကားတစ်စီးတိမ်းမှောက်

**ကျောက်တံခါး အောက်တိုဘာ ၁၁**
ကျောက်တံခါးမြို့နယ် ရန်ကုန်-နေပြည်တော် အမြန်လမ်းမိုင်တိုင် ၇၁/၂နှင့် ၇၁/၃အကြား ကားတစ်စီးတိမ်းမှောက်မှု အောက်တိုဘာ ၇ ရက် နံနက် ၁၀ နာရီခွဲက ဖြစ်ပွားခဲ့သည်။

အခင်းဖြစ်နေရာသို့ သတင်းရချင်း မြို့ချောင်းအမြန်လမ်းရဲစခန်းမှ တာဝန်မှူးနှင့် စခန်းမှူး ရဲအုပ်ငွေအောင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် သိန်းဗိုလ်နှင့်လမ်းရှင်းအဖွဲ့များသွားရောက်စစ်ဆေးရာ ၂စ/.... နီဆန်းကိုလာ(အဖြူရောင်) ကားတစ်စီး နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့အလာ လမ်းညာဘက်တွင် တိမ်းမှောက်နေပြီး ကျွန်းစကွဲယား ၂၆ ချောင်း ၁ ဒသမ ၀၂ တန်နီးပါးတွေ့ရှိရသဖြင့် ယာဉ်နှင့်ပစ္စည်းများကို ပိုင်ရှင်မဲ့သိမ်းဆည်း၍ အနီးပတ်ဝန်းကျင်ရှိ သက်သေများစစ်ဆေးခြင်း၊ စုံစမ်းမှုများပြုလုပ်၍ မြို့ချောင်းအမြန်လမ်းရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိန်းအေး(ဖဒို)**

# တောင်ငူ-ဖြူး ခရီးသည်တင်ယာဉ်ငယ်တိမ်းမှောက် ၁၂ ဦးဒဏ်ရာရရှိ

**အုတ်တွင်း အောက်တိုဘာ ၁၁**
ဖြူးမြို့မှ တောင်ငူမြို့ကို ခရီးသည်များတင်ဆောင်၍ မောင်းနှင်လာသော လိုက်ထရပ်ယာဉ်ငယ်သည် အောက်တိုဘာ ၅ ရက် ည ၁၀ နာရီခန့်က အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် (၁၅၁/၆ နှင့် ၁၅၁/၇) အကြား အုတ်ဖိုကျေးရွာအနီးတွင် ယာဘက်ဘီးပေါက်ကာ ကားလမ်းပေါ်တိမ်းမှောက်သွားခဲ့သည်။ ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေးကာလမ်းအတိုင်း ယာဉ်မောင်းစိုးနိုင် (၂၉ နှစ်) ရေအိုးဖုံးရွာ တောင်ငူမြို့နေသူ မောင်းနှင်လာသော ၈ဈ/----တောင်ငူ-ဖြူး ခရီးသည်တင် လိုက်ထရပ်အဖြူရောင်သည် အခင်းဖြစ်နေရာအရောက် ယာဉ်၏ယာဘက် ဘီးပေါက်ရာက အရှိန်မထိန်းနိုင်ဘဲ ကားလမ်းမပေါ်တွင် တိမ်းမှောက်သွားခဲ့ခြင်းဖြစ်သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင် လိုက်ပါစီးနင်းလာခဲ့သည့် အမျိုးသားခြောက်ဦး၊ အမျိုးသမီးခြောက်ဦး စုစုပေါင်း ၁၂ ဦးတို့(မစိုးရိမ်ရ) ဒဏ်ရာများရရှိသွားခဲ့ပြီး ညောင်ပင်သာနယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# ဟိုပင်၌ ဆင်နင်း၍ လူတစ်ဦးနှင့် ကျွဲတစ်ကောင်သေဆုံး

**ဟိုပင် အောက်တိုဘာ ၁၁**
အောက်တိုဘာ ၉ ရက် ညနေ ၃ နာရီခွဲခန့်က မိုးညှင်းခရိုင် ဟိုပင်မြို့နယ် မြို့သစ်ကလေးကျေးရွာအုပ်စု မြေနုကျေးရွာမှ ဦးကျော်ဟိန်း(ခ) ကုလားကြီး (၄၇ နှစ်)သည် နန့်စော်လော်ကွင်း လယ်တဲရှိ ကျွန်းပင်တွင် ကျွန်းရွက်ခူးနေစဉ် နန့်စော်လော်ကွင်းနှင့် တစ်ဆက်တည်း အရှေ့ဘက်ကွန်ပါတောင်ပေါ်မှ ဆင်းလာသည့် ဆင်တစ်ကောင်ကလိုက်သဖြင့် ထွက်ပြေးခဲ့ရာ တဲအနီးသဲဖြူချောင်းစပ်အရောက်တွင် နှာမောင်းဖြင့်ရိုက်လှဲကာ ခြေဖြင့်တက်နင်းခဲ့၍ ဒဏ်ရာများရရှိကာ သေဆုံးသွားကြောင်းနှင့် အဆိုပါဆင်မှာ ကွင်းဘက်သို့ ထွက်သွားခဲ့ကြောင်းနှင့် နန့်စော်လော်ကွင်း ဦးသိန်းလွင်၏ လယ်တဲ၌ ချည်နှောင်ထားသော ကျွဲတစ်ကောင်ကိုလည်း ထိုးသတ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**




## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## (ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း)
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း (ထုံးဘိုခြံ၊ မန္တလေးတိုင်းဒေသကြီး)တွင် အသုံးပြုရန် လိုအပ်သော လေအေးပေးစက်၊ စပရိန်မွှေ့ရာ၊ ရေခဲသေတ္တာ (Door Freezer)များအား (KOICA)၏ ထောက်ပံ့ငွေ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၆-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၂၀-၁၀-၂၀၁၄ ရက်၊ ၁၁း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါရုံးလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ကျောင်းအုပ်ကြီး**
**ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်း**
**စိုက်ပျိုးရေးဦးစီးဌာန**
**ထုံးဘိုခြံ၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၅၃၂၂၅၄၅၊ ၀၉-၄၃၀၆၃၀၄**

- Toyota Hiace
- Hiace Commuter (14 Seater)
- Alphard (7 Seater)
HotLine: 09-7307 2222

## အမည်ပြောင်းလဲခေါ်ပါရန်

ဦးမြင့်ဌွေး-ဒေါ်နီနီစံတို့၏သား ပန်းတောင်းမြို့နယ်၊ အထက ဆင်တဲတက္ကသိုလ်ဝင်တန်း(B)မှ မောင်နီဦးခိုင်အား မောင်နီဌွေးအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်နီဌွေးအောင်**

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် ၆ဂ/၃၁၉၇ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၇)၊ မြေကွက်အမှတ်(၅၃၄)၊ မြေအမည်ပေါက် ဦးစန်းဦး ၁၀/မလမ(နိုင်)၀၀၉၁၈၂ မှ မြေချပါမစ်ထုတ်ပေးပါရန် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာ ပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများတင်ပြပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးခြင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြေယာရုံးခွဲ(၇)**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

# ဂျာမနီ၊ နော်ဝေတို့ အားထည့်ရမယ့် ယူရိုခြေစစ်ပွဲ

မိုးမြင့်လင်းလက်

ယူရို ၂၀၁၆ ခြေစစ်ပွဲတွေကို အောက်တိုဘာ ၁၄ ရက်နဲ့ ၁၅ ရက်တွေမှာ ဆက်လက်ကစားမှာဖြစ်လို့ ဂျာမနီရဲ့ ဒုတိယပွဲစဉ်ဖြစ်တဲ့ အိုင်ယာလန်နဲ့ပွဲမှာ ဘယ်လိုခြေစွမ်းမျိုး ပြသမလဲဆိုတာ စိတ်ဝင်စားစရာဖြစ်ပါတယ်။ အုပ်စုဒုတိယပွဲတွေဖြစ်တာနဲ့အညီ အမှတ်ပြည့်ရဖို့ ရုန်းကန်ကြမယ့် အသင်းကြီးတွေကြောင့် အခုခြေစစ်ပွဲတွေက ပရိသတ်တွေ စည်ဝေနေဦးမှာဖြစ်ပါတယ်။

**ဂျာမနီနှင့် အိုင်ယာလန်**

ဂျာမနီအသင်းဟာ နောက်ဆုံးငါးပွဲကစားခဲ့ တဲ့မှတ်တမ်းကိုကြည့်ရင် ရှုံးပွဲမရှိခဲ့ပါဘူး။ အိုင်ယာလန်တို့ကတော့ နောက်ဆုံးငါးပွဲမှာ ပေါ်တူဂီကို တစ်ပွဲသာရှုံးထားပြီး ကျန်လေးပွဲက ရှုံးပွဲမရှိခဲ့တာမို့ ဂျာမနီတို့အတွက် လွယ်ကူမှာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် တစ်ဦးချင်းရော အသင်းလိုက်ပါ ကစားအားကောင်းတဲ့ ဂျာမနီကို အိုင်ယာလန်တို့ ခြေရည်တူကစားဖို့ ခက်ခဲပါလိမ့်မယ်။ ဂျာမနီမြေမှာ အိမ်ရှင်ပရိသတ်တွေရဲ့ အောင်ပွဲခံတေးသံတွေ လွှင့်ပျံနေမယ့်ပွဲပါပဲ။

**နော်ဝေနှင့် ဘူလ်ဂေးရီးယား**

လျင်လျင်မြန်မြန်ကစားတတ်တဲ့ နော်ဝေတို့ ပထမပွဲစဉ်မှာ အီတလီကို ရှုံးထားတာမို့ အခုပွဲမှာ မာမာတင်းတင်းကစားပါလိမ့်မယ်။ ဘူလ်ဂေးရီးယားအသင်းဟာ တိုက်စစ်အားကောင်းတာမှန်ပေမယ့် အဆုံးသတ်လွဲချော်နေတာမို့ နော်ဝေကိုယုံကြည်မှု ပိုနေမိတာတော့ အမှန်ပါပဲ။

**ပိုလန်နှင့် စကော့တလန်**

ခြေစွမ်းကောင်းမွန်နေတဲ့ ပိုလန်ဟာ ရလဒ်တွေလည်း ကောင်းနေပါတယ်။ တိုက်စစ်၊ ခံစစ်မျှတနေပြီး အသင်းလိုက်နားလည်မှုရှိရှိနဲ့ ကစားနိုင်တာမို့ စကော့တလန်တို့ဒီပွဲမှာ အခြေအနေ မကောင်းနိုင်ပါဘူး။ စကော့တလန်တို့ဟာ အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တာမို့ ဒီပွဲမှာ အိမ်ရှင်ကို အားပေးတာအမှန်ဆုံးပါပဲ။

**ဆမ်မာရီနိုနှင့် ဆွစ်ဇာလန်**

ပထမပွဲစဉ်မှာ ရှုံးပွဲကြုံထားတဲ့ ဆွစ်ဇာလန်တို့ ဒီပွဲမှာ ရုန်းထနိုင်မလားကြည့်ရမှာပါ။ ဆွစ်ဇာလန်ဟာ နောက်ဆုံးငါးပွဲ ကစားခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် အားလုံးရှုံးပွဲတွေချည်း ဖြစ်နေတာက စိတ်ပျက်စရာပါ။ ဒါပေမယ့် သာမန်ခြေစွမ်းသာရှိတဲ့ ဆမ်မာရီနိုကိုတော့ ဆွစ်ဇာလန်တို့ ခြေကုန်ရင်နိုင်ပွဲရမယ့် အခြေအနေ ရှိပါတယ်။

**ဖာရိုကျွန်းစုနှင့် ဟန်ဂေရီ**

ဖာရိုကျွန်းစုရဲ့ ခြေစွမ်းက တန်းဝင်အဆင့် မရှိသေးပါဘူး။ ဟန်ဂေရီတို့ကလည်း အဝေးကွင်းမှာ ခြေပျက်နေတတ်တာမို့ ဒီပွဲဟာ အမှတ်ရရေး အပြိုင်အားထုတ်မယ့်ပွဲဖြစ်ပါတယ်။ ဖာရိုကျွန်းစုရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်တာမို့ ဟန်ဂေရီ တိုက်စစ်မှူးတွေ အားထည့်ကစားရင် အမှတ်ပြည့်ရယူနိုင်မယ့်ပွဲ ဖြစ်ပါတယ်။

# ဆွာရက်ဇ် နိုင်ငံတကာပွဲ စတင်ကစားခွင့်ရပြီ

တိုက်စစ်မှူး ဆွာရက်ဇ်သည် ဆော်ဒီအာရေဗျနှင့် ဥရုဂွေးတို့ တစ်ဖက်တစ်ဂိုးစီသရေကျခဲ့သည့် နိုင်ငံတကာချစ်ကြည်ရေးပွဲတွင် ပထမဆုံးပါဝင်ကစားခဲ့သည်။ ကမ္ဘာ့ဖလားတွင် အီတလီနောက်ခံလူ ချီယေလီနီအား ကုန်းကိုက်မိခဲ့သည့်အတွက် ဘောလုံးကစားခြင်း ပိတ်ပင်ခံရပြီးနောက် ပထမဆုံးနိုင်ငံတကာပွဲအဖြစ် ပါဝင်ကစားခဲ့ခြင်းဖြစ်သည်။ ယင်းပွဲတွင် ဆွာရက်ဇ်က ဥရုဂွေးအသင်း ဂိုးသွင်းနိုင်အောင် ဂိုးပေါက်ဖန်တီးပေးခဲ့သည်။ ၄င်းသွင်းယူသောဂိုးတိုင်ထိမှန်ပြီး ဆော်ဒီကစားသမား ဖယ်လာတက်ချ်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းခဲ့သည်။ အသက် ၂၇နှစ်ရှိ ဆွာရက်ဇ်သည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အီတလီနောက်ခံလူချီယေလီနီအားကိုက်ခဲ့



သည့်အတွက် လေးလကြာပိတ်ပင်ခံရသည်။နိုင်ငံတကာပွဲ ကိုးပွဲလည်း ပိတ်ပင်ခံရသည်။သို့သော်လည်း နိုင်ငံတကာပွဲကိုးပွဲကို မေတ္တာရပ်ခံမှုကြောင့် ယခုအခါ ဥရုဂွေးအသင်းတွင် စတင်ကစားခွင့်ရပြီဖြစ်သည်။ ကလပ်အသင်းများနှင့်ပြိုင်ပွဲကိုမူ အောက်တိုဘာ ၂၅ ရက် ရီးရဲမက်ဒရစ်နှင့်ပွဲတွင် စတင်ကစားခွင့်ရရှိမည်ဖြစ်သည်။

## အီတလီနောက်ခံလူ ချီယေလီနီ နှစ်ဖက်စလုံးကို ဂိုးများသွင်းယူ

ယူရို ၂၀၁၆ အုပ်စု (H) ခြေစစ်ပွဲအဖြစ် အီတလီနှင့် အဇာဘိုင်ဂျန်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အီတလီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ထူးခြားချက်တစ်ရပ်မှာ အီတလီနောက်တန်းကစားသမား ဂျော်ဂျီယိုချီယေလီနီက သုံးဂိုးစလုံးကို သွင်းယူခဲ့ခြင်းဖြစ်သည်။ ချီယေလီနီက ပွဲချိန် ၄၃ မိနစ်တွင် ပီယာလို၏ ဖြတ်တင်ဘောမှတစ်ဆင့် ခေါင်းတိုက်ဂိုးဖြင့် အဖွင့်ဂိုးသွင်းခဲ့သည်။ သို့သော်လည်း ပွဲချိန် ၇၆ မိနစ်တွင် ကိုယ့်ဂိုးကိုယ် ပြန်သွင်းမိ၍ ယင်းပွဲ၌ ချီယေလီနီက ဒုတိယဂိုးသွင်းယူသူဖြစ်ခဲ့သည်။ ချီယေလီနီသည်ပွဲချိန်၈၂မိနစ်တွင် အီတလီအသင်းအတွက် အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ကောင်းမြတ်သူ စုစည်းသည်

## နိုင်ငံတကာ ပွဲစဉ်များနှင့် ဂိုးရလဒ်များ

သီဟ

**ယူရိုဖလား အုပ်စု(ဂ) — အောက်တိုဘာ ၁၂/၁၃**

| | | | |
|---|---|---|---|
| ယူကရိန်း | - | မက်ဆီဒိုးနီးယား | ည ၁၀း၃၀ |
| ဘီလာရုစ် | - | ဆလိုဗက်ကီးယား | နံနက် ၁း၁၅ |
| လူဇင်ဘတ် | - | စပိန် | နံနက် ၁း၁၅ |

**ယူရိုဖလား အုပ်စု(င) — အောက်တိုဘာ ၁၂/၁၃**

| | | | |
|---|---|---|---|
| အက်စ်တိုးနီးယား | - | အင်္ဂလန် | ည ၁၀း၃၀ |
| လစ်သူယေးနီးယား | - | ဆလိုဗေးနီးယား | နံနက် ၁း၁၅ |

**ယူရိုဖလား အုပ်စု(ဆ) — အောက်တိုဘာ ၁၂/၁၃**

| | | | |
|---|---|---|---|
| ဩစတြီးယား | - | မွန်တီနီဂရိုး | ည ၁၀း၃၀ |
| ရုရှား | - | မော်လ်ဒိုဗာ | ည ၁၀း၃၀ |
| ဆွီဒင် | - | လက်ချင်စတိန်း | နံနက် ၁း၁၅ |

**နိုင်ငံတကာခြေစမ်းပွဲစဉ် — အောက်တိုဘာ ၁၃**

| | | | |
|---|---|---|---|
| မက္ကဆီကို | - | ပနားမား | နံနက် ၃း၃၀ |

**အောက်တိုဘာ ၁၀/၁၁ ဂိုးရလဒ်များ**

**ယူရိုခြေစစ်ပွဲရလဒ်များ**

| | | |
|---|---|---|
| လတ်ဗီးယား | ၀-၃ | အိုက်စလန် |
| နယ်သာလန် | ၃-၁ | ကာဇက်စတန် |
| တူရကီ | ၁-၂ | ချက်ခ် |
| ဘယ်လ်ဂျီယံ | ၆-၀ | အင်ဒိုရာ |
| ဆိုက်ပရပ်စ် | ၁-၂ | အစ္စရေး |
| ဝေလ | ၀-၀ | ဘော့စ်နီးယား |
| ဘူလ်ဂေးရီးယား | ၀-၁ | ခရိုအေးရှား |
| အီတလီ | ၂-၁ | အဇာဘိုင်ဂျန် |
| မော်လ်တာ | ၀-၃ | နော်ဝေ |

**ကလပ်ခြေစမ်းရလဒ်များ**

| | | |
|---|---|---|
| ဟာသာဘာလင် | ၁-၁ | အူး |
| ဂလက်ဘတ် | ၄-၁ | ဖရန့်ဖတ် |
| ပဲလ်လတ်စ် | ၃-၃ | အူဒီးနိစ် |

## အာဖရိကနိုင်ငံများဖလား ပြိုင်ပွဲရွှေ့ဆိုင်း

မော်ရိုကိုနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၅ အာဖရိကနိုင်ငံများဖလားဘောလုံးပွဲကို အီဘိုလာရောဂါကြောင့် ရွှေ့ဆိုင်းလိုက်သည်။ နှစ်နှစ်တစ်ကြိမ်ကျင်းပသော အဆိုပါအာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၇ ရက်မှ ဖေဖော်ဝါရီ ၈ ရက်အထိ ကျင်းပရန် စီစဉ်ထားသည်။ သို့သော်လည်း အာဖရိကဘောလုံးအဖွဲ့ချုပ်က အီဘိုလာရောဂါကြောင့် ၄င်းပြိုင်ပွဲကိုရွှေ့ဆိုင်းထားရန် မေတ္တာရပ်ခံပြောကြားလိုက်သည်။ အီဘိုလာရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်သွားရန်ရှောင်လွှဲသည့် အနေဖြင့် ဘောလုံးပွဲကို ရွှေ့ဆိုင်းရခြင်းဖြစ်ကြောင်း မော်ရိုကိုကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ
ဦးလှထွန်း-ဒေါ်လှလှရီတို့၏သားကြီး
**ဗိုလ်မှူးဝင်းထွန်းနိုင်**
**BE (Mechanical) DSTA**
နှင့်
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)-(ဒေါ်ချစ်ချစ်မြင့်)၊
ဦးစောလှဖြူ CMA (ငြိမ်း)-(ဒေါ်ခင်ခင်အေး)တို့၏မြေး
(ဦးသီဟအောင်)-ဒေါ်သီသီခိုင်တို့၏တစ်ဦးတည်းသောသမီး
**မမေဦးခိုင်**
**B.Com. CPA Part 2 Senior Accountant (Kyauk Sein Nwe Construction)**
တို့သည်
နှစ်ဖက်မိဘများ၏ သဘောတူညီမှုဖြင့် လက်ထပ်ပြီးစီးပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၁၅၃)ရပ်ကွက်၊ မြေကွက်အမှတ် ၂၇၃၅နှင့် ပတ်သက်၍ ဒေါ်မြမေ အမည်ပေါက် မြေကွက်ကို တရားဝင်ဝယ်ယူ လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်အေးအေးသက် ၇/အဖန(နိုင်)၀၅၅၃၄၀ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်က စရန်ငွေတချို့ ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလွှမ်းထက်အောင်**
**၁၂/သဃက(နိုင်)၀၄၀၀၀၁၊**
**ဖုန်း-၀၉-၅၀၁၃၉၃၁**

## LAFFAIR CORPORATION SDN.BHD. (496448-M) ၏ အလှကုန်ပစ္စည်းများဖြန့်ချိရေး တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လင်းလင်းလတ် ၇/ပခန(နိုင်)၂၂၇၅၅၉ M.D, EXELON GROUP LTD. ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် LAFFAIR CORPORATION SND.BHD. မှ ထုတ်လုပ်သော အလှကုန်ပစ္စည်းများဖြန့်ချိရေးနှင့်ပတ်သက်၍ ၁-၁၀-၂၀၁၄ ရက်မှစ၍ မြန်မာနိုင်ငံ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တာဝန်ယူဖြန့်ဖြူးမှုပြုရန် လွှဲအပ်ခံရပြီးဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် အလှကုန်ပစ္စည်းများဖြစ်သော အမျိုးသမီးများသုံးစွဲရန်ဖြစ်သည့် ကျန်းမာရေးဆိုင်ရာအသုံးအဆောင်ပစ္စည်းများ (ခေါင်းလျှော်ရည်၊ ရေချိုးဆပ်ပြာ၊ သန့်စင်သုံးပစ္စည်းများ) အစရှိသည်တို့ကို တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် စတင်ဖြန့်ချိလျက်ရှိပါသည်။ အထက်ပါ အလှကုန်ပစ္စည်းများနှင့်ပတ်သက်၍ ကိုယ်စားလှယ်အဖြစ်ဖြန့်ချိလိုသူများ ကျွန်ုပ်၏မိတ်ဆွေထံသို့ တိုက်ရိုက်ဆက်သွယ်၍ ဆောင်ရွက်မှုပြုပါရန် အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ခွင့်ပြုချက်မရဘဲ ရောင်းချမှုကိုတွေ့ရှိပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးဟန် B.A. (Law), LL.B, D.B.L, D.M.L,D.I.L**
**တရားလွှတ်တော်ရှေ့နေ (၄၅၄၆/၈၈)**
**တိုက်အမှတ် ၂၈၊ အခန်းအမှတ် ၄၊ သုံးလွှာ၊ ၄၀ါလမ်း၊**
**အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၅၃၂၉၃**

## နှစ်ဦးသဘောတူပြန်လည်ရုပ်သိမ်းခြင်း

ဇွန် ၁၉၊ ၂၀၁၄ ရက်ထုတ် စာမျက်နှာ ၁၃ ပါ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း ကြော်ငြာတွင် ကျွန်တော်ကျန်းအိန်းချင့် ၁/မကန(ပြု)၀၀၁၀၃၄ နှင့် မဇေပရယ်(လ်)မိုင်းမိုင် ၁/မကန(နိုင်)၁၅၁၃၄၂ တို့သည် ၁၀-၁၀-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းအား ပြန်လည်ရုပ်သိမ်းပြီးစီးပါကြောင်း ကြေညာအပ်ပါသည်။

**ကျန်းအိန်းချင့်-မဇေပရယ်(လ်)မိုင်းမိုင်**



ကြော်ငြာ




# RACE AHEAD IN YOUR CAREER WITH THE NO.1 CAR BRAND IN THE WORLD.

The world's number 1 luxury car brand is officially arriving in myanmar.
We are looking for the following position:

## • SALES MANAGER

**Qualifications:** This challenging job requires a candidate with extensive automobile sales experience and team management. You are an expert in communication and motivation and possess assertiveness, self-assurance and a high commitment to performance. You always find new solutions with unconventional ideas. You are able to develop strategies and objectives, maintain the focus in complex situations, and know how to structure and organise.

## • SALES CONSULTANTS

**Qualifications:** You are an expert in sales and communication. Your competent, confident manner shows that you are highly motivated and committed to performance. The ideal candidate will have business or technical training, sales consultant experience and automotive business knowledge.

## • SERVICE

**Qualifications:** M.E / B.E / A.G.T.I / G.T.I / B.Tech, 2 years experience in related field. Your competent, confident manner shows that you are highly motivated and committed to performance. The ideal candidate will have technical training and automotive knowledge.

Working Place: **485, Corner of Pyay Road and Narnattaw Street, Kamayut Township, Yangon.**

Answer the call of speed and passion today. Your detailed resume stating current and expected salary to
**P5 Parking, Junction Square, Between Kyun Taw Road and Pyay Road, Kamayut Townshiop.**
Contact: **09 8633 209, 09 4934 2295** or email: **hr@pac-bmw.com**. We regret that only short-listed candidates will be notified.

**PRESTIGE AUTOMOBILES.**
**THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.**

# မျက်စိအမြင်အားကောင်းစေရန် လိုက်နာရမည့်အချက်များ

ဒေါက်တာဘီကျော်

မျက်စိအမြင်အားကောင်းစေရန် ဆရာဝန်များက ကျွန်ုပ်တို့အား ညွှန်ကြားလေ့ရှိသောဓာတ်စာတစ်မျိုးမှာ စိမ်းဝါရောင်သီးနှံများကို များများစားပေးရန်ပင်ဖြစ်သည်။အစိမ်းရောင် သို့မဟုတ် နီဝါရောင်ရှိသောသစ်သီးများ (မာလကာသီး၊ သရက်သီး၊ ဂွေးသီး၊ သဘော်သီး၊ နာနတ်သီး၊ ပိန္နဲသီး၊ ဖရဲသီးစသည်)နှင့် ဟင်းသီးဟင်းရွက်များ (မုန်လာဥနီ၊ မုန်လာဥဝါ၊ ခရမ်းချဉ်သီး၊ ဘူးရွက်၊ ဖရုံရွက်၊ ဟင်းနုနယ်၊ ကန်စွန်းရွက် စသည်)တွင် ကယ်ရိုတင်းဓာတ် ကြွယ်ဝစွာပါရှိလေရာ ယင်းကယ်ရိုတင်းဓာတ်များသည် လူ့ခန္ဓာကိုယ်ထဲ ရောက်သွားသောအခါ ဗီတာမင်အေအဖြစ်သို့ ပြောင်းလဲသွားပေသည်။ဗီတာမင်အေသည် မျက်စိအမြင်အားကောင်းစေသော အာရုံခံခြယ်ဆေးများ ဖြစ်ပေါ်လာစေရန်အတွက် မရှိမဖြစ်လိုအပ်ပါသည်။ ဗီတာမင်အေချို့တဲ့ပါက အလင်းရောင်နည်းသောအခါ သို့တည်းမဟုတ် ညအခါမမြင်ရပါ။ မျက်စိအားကောင်းသူက မြင်ရသော်လည်း မိမိကမမြင်ရပါ။ ယင်းကို ကြက်မျက်သင့်သည်ဟု ခေါ်သည်။

မျက်စိအားကောင်းစေရန် ဗီတာမင်အေကြွယ်ဝသော တိရစ္ဆာန်ထွက်အစားအစာများ ယင်းတို့မှာ နွားနို့၊ ထောပတ်၊ဒိန်ခဲ၊ ကြက်ဥအနှစ် (အဝါရောင်)၊ အသည်း၊ အဆီပေါသော ငါးများ၊ ငါးကြီးဆီ စသည်တို့ကို မှီဝဲသုံးဆောင်နိုင်ပါသည်။ ပဲဆီ၊ နှမ်းဆီများတွင်မူ ဗီတာမင်အေမပါရှိပါ။ ယင်းတို့ကိုဈေးကြီး၍မမှီဝဲနိုင်ပါက စိမ်းဝါရောင် သစ်သီး၊ သီးနှံများကိုလည်း စားသုံးပေးနိုင်ပါသည်။ သီးနှံများတွင်ပါဝင်သော ကယ်ရိုတင်းဓာတ်သည် လူ့ခန္ဓာကိုယ်ထဲတွင် ဗီတာမင်အေအဖြစ်သို့ ပြောင်းလဲသွားသည်။

မှန်ပါသည်။ မျက်စိအားကောင်းမွန်စေသော ဟင်းသီး ဟင်းရွက်တစ်မျိုးမှာ မုန်လာဥဝါပင် ဖြစ်ပါသည်။ အနီရောင် သို့မဟုတ် အဝါရောင်မုန်လာဥကို စားပေးလျှင် ကလေးငယ်များသည် အမှောင်ထဲတွင် မြင်နိုင်ပါသည်။ ကလေးငယ်များတွင်ဖြစ်ပေါ်တတ်သော ရောဂါတစ်မျိုးမှာ ညနေအလင်းရောင်ပျောက်ပြီး ညရောက်လာသောအခါ မျက်စိမမြင်ခြင်းပင်ဖြစ်သည်။ ယင်းကို ကြက်မျက်သင့်ရောဂါဟု ခေါ်သည်။ မိခင်များသည် မိမိ၏ကလေးများကို မုန်လာဥနီ မှန်မှန်ကျွေးပေးသင့်သည်။

မိခင်များက မိမိ၏ သားငယ်သမီးငယ်များ မျက်စိအားကောင်းလာစေရန် ပြုလုပ်ပေးနိုင်သော အခြားနည်းလမ်းများမှာ မျက်စိဆရာဝန်နှင့် ပြသကာ ကလေး၏ မျက်စိကို မှန်မှန်စစ်ဆေးပေးခြင်း၊ ကလေးနေပူထဲထွက်လျှင် နေကာမျက်မှန်တပ်ဆင်ပေးခြင်း၊ ထီး၊ ဦးထုပ်ဆောင်းပေးခြင်းတို့ ဖြစ်သည်ဟု ကျွမ်းကျင်သူများကဆိုပါသည်။ သို့ဖြင့် မျက်စိပေါ်သို့ ဆိုးရွားသောအလင်းတန်းများ မကျရောက်စေရန်ဖြစ်သည်။

မှန်ပါသည်။ မျက်မှန်တပ်ဆင်ရသော မျက်စိကြွက်သားများ အားနည်းသည့်ရောဂါနှင့် မျက်စိရောဂါအချို့မှာတစ်ခါတစ်ရံ မျိုးရိုးလိုက်တတ်ပြီး အချို့သော မျက်စိရောဂါများသည် မွေးရာပါဖြစ်သော်လည်း မျက်စိဝေဒနာအချို့မှာ ကာကွယ်၍ရနိုင်သည်ဟု အမေရိကန် အတ္တလန္တာအခြေစိုက် မျက်စိရောဂါပါရဂူ ဒေါက်တာ ရွှန်ဝီဘာက ပြောသည်။ သာဓကအားဖြင့် အဝေးမှုန်ရောဂါ (Myopia) သည် မျိုးရိုးဗီဇနှင့် ဆက်နွှယ်ရုံမက ငယ်စဉ်ကလေးဘဝက စာကိုဘယ်လိုဘယ်ပုံဖတ်သည်ဟူသော အချက်နှင့်ပါ ပတ်သက်သည်ဟု ၎င်းကဆိုသည်။

၎င်းကပြောသည်မှာ မျက်စိကို အနီးကပ်အသုံးပြုများခြင်း ဥပမာ ကလေးများ ကျောင်းစာကို မနားတမ်းအချိန်အကြာကြီး ဖတ်ခြင်းသည် အဝေးမှုန်ရခြင်း၏ အကြောင်းရင်းဖြစ်ကြောင်း သံသယရှိနေခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီးဖြစ်ကြောင်းပင်တည်း။ ဤသို့ဆက်နွှယ်မှုရှိကြောင်း မကြာသေးခင်ကမှ တွေ့ရှိရသော အထောက်အထားမှာ လေ့လာမှုတစ်ခုမှဖြစ်ပေသည်။ လေ့လာမှုတွင် အဆင့်မြင့်ပညာများကို တတ်မြောက်ကြသူများ၌ အဝေးမှုန်သူ ပိုများနိုင်ကြောင်း တွေ့ရှိရသည်။ ထိုသူများသည် စာဖတ်ချိန်ပိုများမည် သို့မဟုတ် ကွန်ပျူတာနှင့် အချိန်ပို၍ ကုန်မည်ဖြစ်သောကြောင့် ဖြစ်ပေသည်။ အခြားလေ့လာမှုတစ်ခုမှ ပြသည်မှာ အိမ်ပြင်ပတွင် အချိန်များစွာကုန်လွယ်ကြသော ကလေးငယ်များတွင် အဝေးမှုန်ဖြစ်လာရန် အခွင့်အလမ်းနည်းပါးကြောင်းပင် ဖြစ်သည်။

သို့သော် တွေ့ရှိမှုများသည် ကလေးသူငယ်များအား စာဖတ်ခြင်း သို့မဟုတ် ကွန်ပျူတာနှင့် အလုပ်လုပ်ခြင်းအပေါ် အားမပေးရန် မဆိုလိုပါ။ ယင်းအစား ဝီဘာက အကြံပြုထားသည်မှာ ကလေးတစ်ဦး၏ပတ်ဝန်းကျင်သည် ၎င်းအနီးကပ်အလုပ်လုပ်စဉ် (ဥပမာ စာဖတ်စဉ်)တွင် ၎င်းနှင့် လိုက်လျောညီထွေမှုရှိနေစေရန်ပင်ဖြစ်သည်။ ကလေးတစ်ဦး ကျောင်းစာ သို့မဟုတ် အပြင်စာဖတ်စဉ်တွင် မျက်စိများသည် စာအုပ်နှင့် ၁၈ လက်မမှ ၂၂ လက်မအကွာအဝေးအတွင်း ရှိနေစေရန်ပင်ဖြစ်သည်။ ၁၈ လက်မထက် မနီးသင့်သလို ၂၂ လက်မထက်လည်း မဝေးသင့်ပါ။ နောက်ဆုံးအနေနှင့် စာဖတ်စဉ်တွင် ငါးမိနစ်သို့မဟုတ် ၁၀ မိနစ်တစ်ကြိမ် အဝေးမှစာများကို ဖတ်ပေးပါ သို့မဟုတ် အဝေးမှရှုခင်းတစ်ခု၏ တစ်နေရာကို (ဥပမာ အဝေးမှ သစ်ပင်တစ်ပင်၏ အကိုင်းတစ်ခုကို) အသေအချာမြင်ရန် စူးစိုက်ကြည့်ရမည်။ ဤကဲ့သို့ ကြားဖြတ်အနားယူပြီး မျက်လုံးကြွက်သားများကို ဖြေလျှော့စေခြင်းသည် အဝေးမှုန်ခြင်းမှ ကာကွယ်ပါသည်။ ကလေးမျက်စိရောဂါကင်းဝေးစေရန် မိဘများက လုပ်ပေးနိုင်သောအရေးကြီးသည့်အရာတစ်ခုမှာ ကလေးငယ်စဉ်ကတည်းက မျက်စိဆရာဝန်နှင့် မှန်မှန်ပြကာ မျက်စိစမ်းသပ်ပေးခြင်းပင်ဖြစ်သည်။

"ကလေးတွေမှာဖြစ်ပေါ်တဲ့ မျက်စိအမြင်မကောင်းခြင်းအများစုဟာ ကာကွယ်နိုင်ပြီး ပျောက်ကင်းအောင်လည်း ကုသနိုင်ပါတယ်။ ကလေးတွေမှာ မျက်စိရောဂါဖြစ်ပေါ်ခြင်းကို မျိုးရိုးလိုက်သည်ဖြစ်စေ မလိုက်သည်ဖြစ်စေ ကလေးငယ်နိုင်သမျှငယ်စဉ်ကတည်းက ပထမဆုံး မျက်စိစမ်းသပ်ကြည့်ပေးခြင်းအားဖြင့် ထိန်းချုပ်နိုင်ပါတယ်"ဟု မျက်စိအမြင်အားကောင်းရေး ကောလိပ်ကျောင်းအုပ်ကြီးဒေါက်တာ အီဒါချန်းက ပြောပါသည်။

ကလေးသူငယ်များသည် အသက်တစ်နှစ်မကျော်ခင်ကတည်းက ပထမဆုံး မျက်စိစမ်းသပ်မှုကို ခံယူသင့်ကြောင်း ချန်းက ထောက်ခံထားပါသည်။ အမေရိကန် မျက်စိအားကောင်းရေးအသင်းအဖွဲ့မှ ကြီးသောကလေးငယ်များအတွက် မျက်စိ စမ်းသပ်မှုအစီအစဉ်တစ်ရပ်ကို ထောက်ခံထားသည်။

မူကြိုကလေးငယ်များသည်လည်း ကျောင်းမသွားခင်ကတည်းက မျက်စိအမြင်စွမ်းအားကို စမ်းသပ်ကြည့်သင့်သည်။ "ရိုးရိုးအမြင်အတွက်သာမက 3D သုံးဖက်မြင်အတွက်ပါ စမ်းသပ်ကြည့်သင့်ပါတယ်။ အကယ်၍ကလေးမှာ မျက်စိအမြင်အား ချို့တဲ့ကြောင်းတွေ့ရရင် အမြင်အာရုံကုသနည်းများနဲ့ ပြုပြင်ပေးတဲ့အခါ ကလေးအမြင်စွမ်းအားတိုးတက်လာမှာဖြစ်ပါတယ်"ဟု ချန်းက ပြောပါသည်။ နောက်ဆုံးအနေနှင့်ကလေးငယ်များ နေပူထဲထွက်လျှင် မျက်စိကိုကာကွယ်ရမည့် နည်းလမ်းများအကြောင်း တင်ပြပါမည်။

ကလေးနေပူထဲထွက်လျှင် မိဘများက နေကာမျက်မှန် တပ်ဆင်ပေးထားသင့်ပါသည်။

"ကလေးငယ်များရဲ့ကျောက်သလင်းလို ကြည်လင်တဲ့မျက်စိမှန်ဘီလူးဟာ ခရမ်းလွန်ရောင်ခြည်များနဲ့ထိတွေ့တဲ့အခါ ပျက်စီးလွယ်တယ်။ ကလေးဟာ နေရောင်အောက်မှာ အကာအကွယ်မဲ့ နေဖန်များရင် ကလေးကြီးလာတဲ့အခါ မျက်စိတိမ်စွဲနိုင်ပါတယ်"ဟု ချန်းကဆိုသည်။

ထီး/ ဦးထုပ်(လျှာထိုး)များကိုဆောင်းစေခြင်းအားဖြင့်လည်း မျက်စိပေါ်ကျရောက်မည့် မြင်ရသော နေရောင်ခြည် ၇၅-၉၀ ရာခိုင်နှုန်းကို ကာကွယ်ပါသည်။ အညိုရောင်နေကာမျက်မှန် တပ်ဆင်ခြင်းအားဖြင့် မျက်စိကိုမထိခိုက်စေဘဲ ပုံမှန်အရောင်များကို မြင်နိုင်ပါသည်။ဤသည်တို့သည်ကား မျက်စိအမြင်အားကောင်းစေရန် လိုက်နာရမည့်အချက်များပင် ဖြစ်သည်။ ။

## ပြည်တွင်းသတင်းနှင့် ကြော်ငြာ



ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့၌ ဝါကျွတ်ပွဲအထိမ်းအမှတ် (၈၇)ကြိမ်မြောက် မြို့လုံးကျွတ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၉ ရက်က လွိုင်လင်မြို့ မြို့မဈေးကြီးရှေ့ မင်းလမ်းပေါ်၌ ကျင်းပစဉ်။ မိုးလွင်ဦး(လွိုင်လင်)

## မူဆယ်မြို့နယ် ၁၀၅ မိုင်မီးထွန်းပွဲတော်တွင် ရခိုင်ရိုးရာကျင်ပွဲထည့်သွင်း၍ စည်ကားစွာကျင်းပ

မူဆယ် အောက်တိုဘာ ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့ မိုင်းယု ၁၀၅ မိုင်မြို့ဦး၊ ရောင်ခြည် ရန်တိုင်းအောင်စေတီတော်တွင် အောက်တိုဘာ ၈ ရက် သီတင်းကျွတ်လပြည့်နေ့က အဝေးရောက်ရခိုင်လူငယ်အသင်းက တတိယအကြိမ်မြောက် ရခိုင်ရိုးရာကျင်ပွဲကို ရွှေမောင်းတန်း၊ ငွေမောင်းတန်း နှစ်ဆင့်ခွဲ၍ကျင်းပခဲ့ရာ မူဆယ်ဒေသရှိ တိုင်းရင်းသားပေါင်းစုံတို့က စိတ်ဝင်တစားအားပေးခဲ့ကြောင်း သိရသည်။

